ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ သောကြာနေ့၊ (10-9-2010) (၆၅၁၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အပူပိုင်းဒေသ ရေရရှိရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၈ ရက်တွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၃၂၀/၃) နှင့် (၃၂၀/၄)အကြား၌ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လမ်းပိုင်းအလိုက် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးက လမ်းပိုင်းဆိုင်ရာလုပ်ငန်းများကို သုံးသပ်ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာအနီးရှိ အပူပိုင်းဒေသ ရေရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာန၏ ယင်းတော်ကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် စီမံကိန်းတာဝန်ခံတို့၏ ကန်ပြန်လည်တူးဖော်ပြီးစီးမှု၊ ကန်ရေသိုလှောင်နိုင်မှုနှင့် လယ်မြေဧကများအား ရေဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက လုပ်ငန်းလိုအပ်ချက်များ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ရွှေကုက္ကိုကျေးရွာရှိ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြစိုက်ကွက်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဝါပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဝါထွက်နှုန်းပြကွက်တို့ကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်မြင့်စိုးက လိုအပ်ချက်များ မှာကြား၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

ကတိုက်ရေလှောင်တမံ

မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေအပြည့်အဝ ပေးဝေလျက်ရှိသော ကတိုက်ရေလှောင်တမံကို သာယာရှုမောဖွယ်တွေ့ရစဉ်။



ကြေးမုံ The Mirror
အင်တာနက် နည်းပညာသတင်း
ဘာသာပြန် - သတင်းလုလင်

အမြန်နှုန်းမြင့်မားသောလျှပ်စစ်ကား တောင်ကိုရီးယား၌ ပထမဆုံးထုတ်လုပ်

ဆိုးလ် စက်တင်ဘာ ၉

အမြင့်ဆုံး အမြန်နှုန်းဖြင့် မောင်းနှင်နိုင်သော လျှပ်စစ်ကားတစ်စီးကို တောင်ကိုရီးယားနိုင်ငံရှိ ဟွန်ဒိုင်းကားကုမ္ပဏီက တီထွင် ထုတ်လုပ်ထားပြီဖြစ်ကြောင်း ကုမ္ပဏီ၏ စက်တင်ဘာ ၉ ရက် သတင်းကြေညာချက်တွင် ဖော်ပြသည်။

တောင်ကိုရီးယား နိုင်ငံ၏ အကြီးဆုံးသော ကားကုမ္ပဏီ ဟွန်ဒိုင်းက ထုတ်လုပ်သည့် လျှပ်စစ်ကားကို "ဟွန်ဒိုင်း ဘလူးအွန်" (Hyundai Blue On)ဟု အမည်ပေးထားသည်။ **စာမျက်နှာ ၆ကော်လံ ၁သို့ ❍**

စက်တင်ဘာ ၉ ရက်က မြို့တော်ဆိုးလ်ရှိ သမ္မတအိမ်တော် ခြံဝင်းအတွင်း သမ္မတ လီမြောင်ဘတ်က လျှပ်စစ်ကားကို စမ်းသပ်မောင်းနှင်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေသည့် ကတိုက်ရေလှောင်တမံ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ခင်မောင်သန်း(စက်မှု)

မွန်ပြည်နယ်တွင် ဆည်မြောင်းစီမံကိန်းများအဖြစ် အဇင်းရေလှောင်တမံ(၁၉၉၀ခုနှစ်)၊ ဝါးပါးရေလှောင်တမံ(၁၉၉၄ ခုနှစ်)၊ ရွှေနတ်တောင်ရေလှောင်တမံ(၁၉၉၆ ခုနှစ်)၊ ဝင်းဖနုံရေလှောင်တမံ(၂၀၀၁ ခုနှစ်)များကို တည်ဆောက်ပြီးစီးခဲ့ပြီး ကျန်ရှိသော မွန်ပြည်နယ် ဆည်အစုအဖွဲ့မှ ကတိုက်ရေလှောင်တမံကို တည်ဆောက်ပေးခဲ့သည်။

ကတိုက်ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် မွန်ပြည်နယ် ရင်းငြိမ်ချောင်းအောက်ပိုင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ သက်သာစေပြီး လယ်မြေဧက ၁၀၀၀၀ ကို သီးထပ်စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်မည်ဖြစ်သည်။ ကတိုက်ရေလှောင်တမံကို ၂၀၀၇ ခုနှစ် ဧပြီ ၃၀ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ နွေစပါး၊ မိုးစပါးအပြင် မတ်ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။ ကတိုက်ရေလှောင်တမံသည် အလျားပေ ၅၂၀၀၊ အမြင့် ၁၃၄ ပေရှိပြီး ရေလှောင်ပမာဏ ဧကပေ ၅၆၀၀၀၊ ရေသေရေလှောင်ပမာဏ ဧကပေ ၁၂၀၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧက ၉၅၀၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၅၉၀၀၀၊ ရေဆင်းဧရိယာ ရှစ် စတုရန်းမိုင်ရှိကြောင်း သိရှိရသည်။ ။

ကြေးမုံ The Mirror
၁၀-၉-၂၀၁၀
(သောကြာနေ့)

အခြေခံစာတတ်မြောက်ရေး အရှိန်အဟုန်မြှင့်တင်

စာတတ်မြောက်ခြင်းသည် ဘဝလူနေမှုအဆင့်အတန်းကိုသာမက မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ စာတတ်မြောက်ခြင်းဖြင့် အသစ်ရရှိလာသော ဗဟုသုတ ကျွမ်းကျင်မှုများသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးသက်ရောက်မှု အသီးအပွင့်များကို ရရှိလာနိုင်မည်ဖြစ်ပေသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းအတွက် စာတတ်မြောက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးက စာတတ်မြောက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေကြပေပြီ။

မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်းများစွာကပင် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းရှင်သန်လျက်ရှိသည်။ ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် နိုင်ငံသူ၊ နိုင်ငံသားများကသာ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့်ပင် ပညာရပ်နယ်ပယ်စုံ၌ အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး ပြုစုပျိုးထောင်မွေးထုတ်ပေးနေခြင်းဖြစ်သည်။

ယခုအခါ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်မှုကြောင့် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေပေပြီ။ နိုင်ငံတစ်ဝန်း၌ မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းပေါင်းလေးသောင်းကျော် ဖွင့်လှစ်ထားပြီ။ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် လွယ်ကူစွာ သင်ယူနိုင်နေကြပြီ။

မြန်မာနိုင်ငံသည် လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသည်။ ကျောင်းပြင်ပ ပညာရေးကဏ္ဍမှ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အစီအစဉ်များကို ဖော်ဆောင်နေသည်။ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း၌ စာသင်ဝိုင်းများ၊ အသုံးလုံးကျေသင်တန်းများ ဖွင့်လှစ်ပေးနိုင်မှုကြောင့် အခြေခံစာတတ်မြောက်သူများ တိုးပွားလာလျက်ရှိသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၉၅ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပြီ။ အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားသည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမြင့်မားလာမှုသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝအဆင့်မြင့်မားမှုကို ထင်ဟပ်ဖော်ပြနေသည့် ဂုဏ်ရည်တစ်ရပ်ဖြစ်သည်။ လူတိုင်းအခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်များကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းကြခြင်းဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု ပိုမိုတိုးတက် မြင့်မားနေမည် ဖြစ်ပါသည်။ ။

မင်္ဂလာကန်တော်ကြီး တူးဖော်ရန် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်ရှိ အများပြည်သူသောက်သုံးလျက်ရှိသော မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၃ ရက်က သာကေတမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် အောင်မင်းခေါင်(၂)လမ်း ဝင်ဒါမီယာ ကမာရွတ်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး စိုးသိန်း (ငြိမ်း)-ဒေါ်တင်တင်မိ မိသားစုက မွေးနေ့အလှူအဖြစ် အလှူငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ ဓမ္မာရုံလမ်း စမ်းချောင်းမြို့နယ်နေ မခင်လတ်လတ်စိုး (ခ) ခင်လပြည့်ဝန်းက မွေးနေ့အလှူအဖြစ် အလှူငွေကျပ် ၂၇၀၀၀ကို လည်းကောင်း **(အပေါ်ပုံ)** လှူဒါန်းရာ ကန်တူးဖော်ရေးကော်မတီ နာယက ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၉-၅၁၈၇၀၇၀၊ ၀၉-၅၁၉၅၄၀၇၊ ၇၃၁၀၀၃၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၃)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ခရိုင် အတွင်းရှိ မီးသတ်စခန်းများ မီးသတ်ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် မီးသတ်စခန်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) မီးသတ်စခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် မီးသတ်စခန်းများ၌ တပ်ဖွဲ့ဝင်အင်အား၊ မီးသတ်ယာဉ်နှင့်စက်များ၊ စခန်းသန့်ရှင်းသာယာရေး၊ အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စခန်းတာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ရာ၌ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်နိုင်ရန် အသင့်ရှိနေစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထောင့်စေ့အောင် ဆောင်ရွက်ရေး၊ သင့်(၄)သင့် ဖြစ်သည့် လူအသင့်၊ စက်အသင့်၊ စက်သုံးဆီအသင့်၊ ရေအသင့်ရှိစေရန် အမြဲမပြတ် စစ်ဆေးဆောင်ရွက်ထားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် မီးသတ်စခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာဘာရှုဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ် ပုံမှန်စေတနာသွေးလှူရှင်များအား အသည်းရောင်အသားဝါ "ဘီ" ကာကွယ်ဆေးထိုး

ရန်ကုန် စက်တင်ဘာ ၉

မြန်မာဘာရှုဝါရီလီမိတက်ကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း အောင်မြင်လျက်ရှိသော အစောဆုံး ဖက်စပ်ကုမ္ပဏီများ၌ အပါအဝင်ဖြစ်သည်။ ကုမ္ပဏီတည်ထောင်စဉ်ကပင် ချမှတ်ထားသော ရည်မှန်းချက်များတွင် အရေးပါလှသည့် ရည်မှန်းချက်မှာ မိမိအား အကျိုးပြုနေသည့် နိုင်ငံအတွင်း လိုအပ်နေသည်များကို တတ်စွမ်းသမျှ ပံ့ပိုးကူညီရန်ဖြစ်သည်။

မြန်မာဘာရှုဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်က ပုံမှန်သွေးလှူရှင်များ၏ စေတနာကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉ ခုနှစ်မှ စတင်၍ ခြေလှမ်းသစ်တစ်ရပ် စတင်ခဲ့သည်။ ၎င်းမှာ မြန်မာပြည်အတွင်း လိုအပ်နေသော လူနာများအတွက် မွန်မြတ်ခြင်းအပြင် သန့်စင်သော သွေးရရှိရေးကို ရှေးရှုပြီး လာမည့် ၁၀ နှစ်အတွင်းတွင် မြန်မာနိုင်ငံအနှံ့ရှိ ဆေးရုံများ၌ မှတ်ပုံတင်ထားသော ပုံမှန်စေတနာ သွေးလှူရှင်များ အားလုံးကို အသည်းရောင်အသားဝါ " ဘီ " ကာကွယ်ဆေး အခမဲ့ထိုးပေးသွားရန် ရည်မှန်းချက်ချမှတ်ခဲ့သည်။

အဆိုပါ နှစ်ရှည်အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ပထမခြေလှမ်းအဖြစ် ၂၀၀၉ ခုနှစ် ဇွန် ၁၅ရက်မှ စတင်၍ RH(-) သွေးအုပ်စုသွေးလှူရှင် ၂၀၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် လပွတ္တာမြို့၊ မွန်ပြည်နယ် သထုံမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့များရှိ ပုံမှန်စေတနာ သွေးလှူရှင်စုစုပေါင်း ၁၉၈၂ ဦးတို့အား အခမဲ့ "ဘီ" ပိုးကာကွယ်ဆေး ၅၉၄၆ ပုလင်း ထိုးနှံပေးခဲ့သည်။

၂၀၁၀ ခုနှစ် မတ် ၂၅ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တောနှင့် ဘူးသီးတောင်မြို့များမှ သွေးလှူရှင် ၉၂၄ ဦး၊ ဇွန် ၁၈ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သွေးလှူရှင် ၇၁၀နှင့် ဩဂုတ် ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ သွေးလှူရှင် ၅၂၀ စုစုပေါင်း သွေးလှူရှင် ၂၁၅၄ ဦးတို့အား ၂၀၁၀ ခုနှစ် အစီအစဉ်ဖြင့် အသည်းရောင်အသားဝါ " ဘီ" ကာကွယ်ဆေး ၆၄၆၂ ပုလင်း ထိုးနှံပေးခဲ့သည်။

ထို့အပြင် အထူးအစီအစဉ်အနေဖြင့် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် မန္တလေးပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ မန္တလေးမြို့မှ ပုံမှန်စေတနာ သွေးလှူရှင်များထဲမှ ရှားပါး RH(-) သွေးအုပ်စု သွေးလှူရှင် ၁၆၅ ဦးတို့အား အခမဲ့ "ဘီ" ကာကွယ်ဆေး ၄၉၅ ပုလင်း ထိုးနှံပေးခဲ့ရာ ယခုနှစ်အတွက် စုစုပေါင်း သွေးလှူရှင် ၂၃၁၉ ဦးတို့ အတွက် အသည်းရောင်အသားဝါ "ဘီ" ကာကွယ်ဆေး ၆၉၅၇ ပုလင်း ထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာဘာရှုဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်အရ ၂၀၁၀ ခုနှစ်အတွက် ပုံမှန် စေတနာ သွေးလှူရှင်များအား အသည်းရောင် အသားဝါ "ဘီ" ကာကွယ်ဆေးထိုး လှူဒါန်းပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆန်းလင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ မြောင်းမြခရိုင်၌ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၉

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောင်းမြခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ဦးခင်ဆွေ **(အောက်ပုံ)**၊ မြောင်းမြမြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးတင်ရွှေဦးနှင့် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်လှကြည်တို့က အမှာစကားပြောကြားပြီး ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ် ဦးမြင့်ဦး(မြင့်ဦး- စက်မှုသိပ္ပံ) က ရှင်းလင်းတင်ပြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ် ဦးမြင့်ဦးနှင့် အလှူရှင်များက မြောင်းမြမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ နာမကျန်း ရန်ပုံငွေ ကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညှိအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ All -China Federation of Industry and Commerce မှ First- Vice Chairman Mr. Quan Zhezhu၊ Vice Chairman Mr. Liu Cang long နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အုန်းအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၉

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် ကျွေးမွေးဧည့်ခံရေးကော်မတီ၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပရေးနှင့် ပြခန်းခင်းကျင်းပြသရေးကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပြန်ကြားရေးကော်မတီနှင့် လုံခြုံရေးနှင့် ကျန်းမာရေးကော်မတီတို့မှ ဥက္ကဋ္ဌများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ -လယ်တီဥသျှောင်ထွတ်ဘုန်းခေါင်
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၄၀	၃။	မြတ်နိုးကြစေအမျိုးသားအမွေ
၄း၄၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀	၅။	မဟာဂီတချိုကြည်မြ
၅း၀၀	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့်တောတွင်းတိရစ္ဆာန်များ -ကိုရီးယားကျားသစ်များ (အပိုင်း-၁)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၄။	"ရွှာ"ဟာသဇာတ်လမ်းတွဲ -မေ့ရက်လေအား (တိမ်ညွှန့်၊ နိုင်ဝင်း၊နန်းမြင့်) (ဒါရိုက်တာ-မိုးဇော်ကို)
၆း၅၀	၁၅။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၄၇)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ရှင်သန်နေသောသီချင်းများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၅)**
	၂၄။	ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်များ
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

CONCORDIA Int'l Co., Ltd. က လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း (၁၁/၂၀၁၀)ကို စက်တင်ဘာ ၁၇ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်း သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင်Total Station လက်တွေ့အသုံးချတိုင်းတာနည်း (Engineering Survey၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း)၊ Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သောGPS Downloading and Processing to Garmin Mapsource & Google Earth Software များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် GPS လက်တွေ့အသုံးချနည်း သင်တန်းတို့ကို စက်တင်ဘာ ၁၀ ရက်မှ စတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မန္တလေး SY အဆောက်အအုံ လမ်း(၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၂၈၊ ၆၉၃၀၃ နှင့် ၀၉-၅၀၆ ၇၁၇၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံ ဖြူး၌ ရှင်းလင်း

ဖြူး စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို သြဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖြူးမြင့်ဦး)နှင့် အခမ်းအနားမှူးအဖြစ် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးညဏ်ရွှင်(မောင်ချမ်းမြေ့-ဖြူး)တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားတွင် သဘာပတိ ဖြူး-မြင့်ဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် စာပေညီလာခံ ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖြူး-မြင့်ဦး)က ပဉ္စမအကြိမ် စာပေညီလာခံမှချမှတ်ခဲ့သော ဆုံးဖြတ်ချက်လေးရပ်၊ အတည်ပြုချက် သုံးရပ်၊ မှတ်တမ်းတင်ခြင်း ငါးရပ်နှင့် ညီလာခံ အတွေ့အကြုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

(၁၄၀)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ICT-Laboratory လက်တွေ့စမ်းသပ်ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)သည် အသင်းသားများ၏ ICT ပညာရပ်ဆိုင်ရာ လက်တွေ့လေ့လာမှုများအား အထောက်အကူပြုနိုင်ရန်အတွက် လစဉ် LAB Schedule များ ရေးဆွဲ၍ လက်တွေ့လုပ်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးတင်ထူးခိုင်(Access Spectrum Co., Ltd.) က စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Wireless Router Configuration EnGenius ခေါင်းစဉ်ဖြင့် လက်တွေ့သရုပ်ပြသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့ကျင့်နိုင်ပြီး စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ လက်တွေ့စမ်းသပ်သူ ၂၄ဦး လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း- ၆၅၂ ၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရွာသစ်ကျေးရွာ သုတဥယျာဉ် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို သြဂုတ် ၁၃ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မအူပင်ခရိုင် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့် ကဇင်းငူ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးညွန့်ဟန်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

 နိုင်ငံတကာသတင်းများ

အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး နိုင်ငံတကာပေါင်းစည်းရန် အီးယူတောင်းဆို

နယူးယောက် စက်တင်ဘာ ၉

အကြမ်းဖက်ဝါဒသည် သဘာဝအရ နယ်ကျော်ကူးစက်တတ်သည့် သဘောရှိသောကြောင့် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာ၏ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျကြောင်း ဥရောပသမဂ္ဂအဖွဲ့ တာဝန်ရှိသူများက ကုလသမဂ္ဂအကြမ်းဖက်မှု တိုက်ဖျက်ရေးညီလာခံတွင် စက်တင်ဘာ ၈ ရက်က ပြောကြားသည်။

လုပ်ဆောင်သင့်

အကြမ်းဖက်ဝါဒကို ရာဇဝတ်မှုအဖြစ် မှတ်ယူ၍ ကြိုတင်တားဆီးအရေးယူ၊ အပြစ်ပေးမှုများကို ရာဇဝတ်မှုဆိုင်ရာ ဥပဒေပုဒ်မများအတိုင်း လုပ်ဆောင်သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဘယ်လ်ဂျီယံအမြဲတမ်းကိုယ်စားလှယ်က ဥရောပသမဂ္ဂကိုယ်စား ပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် တစ်ချိန်သောကာလက အကြမ်းဖက်တိုက်ခိုက်မှုများကို မကြာခဏရင်ဆိုင်ခဲ့ရပြီး လက်ရှိလည်းအကြမ်းဖက်အဖွဲ့များ၏ ပစ်မှတ်အဖြစ်သတ်မှတ်ခံနေရသည့် အလားအလာများရှိနေသည်။

ပြန်လည်သုံးသပ်

အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကုလမဟာဗျူဟာကို ပြန်လည်သုံးသပ်ရေးအတွက် သုံးရက်ကြာ ဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက်တွင် စတင်ခဲ့ပြီဖြစ်သည်။ ယင်းအစည်းအဝေးသို့ တက်ရောက်လာသူ ကိုယ်စားလှယ် ၁၅၀ တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်မှုများကို ခြုံငုံသုံးသပ်ဆွေးနွေးမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

မော်စကို စက်တင်ဘာ ၉။ ။ ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသရှိ ဈေးတစ်ခုအတွင်း ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော ကားတစ်စီး စက်တင်ဘာ ၉ ရက်က ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၇ ဦးသေဆုံးပြီး ၁၃၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အသေခံဗုံးခွဲသမားတစ်ဦးက ဈေးအတွင်းသို့ မော်တော်ယာဉ်ကိုမောင်းဝင်လာပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ဒဏ်ရာရရှိသူအချို့မှာ စိုးရိမ်ဖွယ်အခြေအနေရှိခြင်းကြောင့် အသေအပျောက်နှုန်းတိုးလာနိုင်ကြောင်း သိရသည်။

ဒုတိယဗုံးဖောက်ခွဲမှု ဆက်လက်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟူသောစိုးရိမ်မှုများကြောင့် ဒေသန္တရအာဏာပိုင်များက အခင်းဖြစ်ပွားရာကို ရှာဖွေရှင်းလင်းမှုများပြုလုပ်ခဲ့သည်။သို့ရာတွင် ဒုတိယမြောက်ဗုံးကို တွေ့ရှိခြင်းမရှိခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုများကို လုပ်ဆောင်သူများသည် လူမဆန်သူများသာဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ရှုတ်ချသည်။စစ်သွေးကြွများက ရုရှားနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်မှုကို ရုရှားအစိုးရက ခွင့်ပြုမည်မဟုတ်ကြောင်း ပူတင်ကဆိုသည်။

အေအက်ဖ်ပီ။

အနောက်ဘက်ကမ်း ဂျူးအိမ်ရာများ ပါလက်စတိုင်းနိုင်ငံသစ်က လက်မခံ

ရာမာလာ စက်တင်ဘာ ၉

လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ချိန်တွင် အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်နေထိုင်သူများကို ဆက်လက်ထားရှိရေး အစ္စရေး၏ အဆိုပြုချက်အား ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့(ပီအင်န်အေ)က စက်တင်ဘာ ၈ ရက်တွင် ငြင်းပယ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျူးအခြေစိုက်အိမ်ရာများ အနောက်ဘက်ကမ်းဒေသတွင် ဆက်လက်ထားရှိခွင့်ကို ပါလက်စတိုင်းဥပဒေက ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ပါလက်စတိုင်းစေ့စပ်ညှိနှိုင်းရေးမှူး ဆာအက်ဘ်အီရေကတ်က ဆိုသည်။

လျှို့ဝှက်ပေးပို့

စောစောပိုင်းက ထွက်ပေါ်လာသော သတင်းများအရ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဂျူးအခြေစိုက်အိမ်ရာများ အနောက်ဘက်ကမ်းဒေသအတွင်း ဆက်လက်ထားရှိရေး အဆိုပြုချက်တစ်ရပ်ကို အမေရိကန်သမ္မတ ဘာရက်အိုဘားမားထံ လျှို့ဝှက်ပေးပို့ခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့သည် စက်တင်ဘာ ၁၅ ရက်တွင် အီဂျစ်နိုင်ငံ ပင်လယ်နီ ရှမ်အယ်လ်ရှိတ် အပန်းဖြေစခန်းတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် ထပ်မံတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်စစ်မြေပြင်တွင် နေတိုးတပ်ဖွဲ့များ အရှုံးနှင့်ရင်ဆိုင်နေရဟု တာလီဘန်ပြောကြား

ကဘူး စက်တင်ဘာ ၉

တာလီဘန်စစ်သွေးကြွများသည် အာဖဂန်စစ်မြေပြင်တွင် အနိုင်ရလျက်ရှိပြီး နေတိုးတပ်ဖွဲ့ဦးဆောင်သော ပြည်ပတပ်ဖွဲ့ဝင်များသည်အရှုံးဖြင့် ရင်ဆိုင်နေရကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်နှင့် နေတိုးအဖွဲ့တို့၏ ကိန်းဂဏန်းများကို ကိုးကား၍ စက်တင်ဘာ ၉ ရက်သတင်းများတွင် ဖော်ပြသည်။

ဘာသာစကားလေးမျိုးဖြင့် ရေးသားထုတ်ဝေခဲ့သော တာလီဘန်ခေါင်းဆောင် မူလာအိုမာ၏ ထုတ်ပြန်ချက်ထဲတွင် ပြည်ပတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မှ ထွက်ခွာသွားရန်လည်း တောင်းဆိုထားသည်။

နေတိုးတပ်ဖွဲ့သည် စစ်သွေးကြွများကို အဆုံးသတ်အောင် ပွဲခံနိုင်ရန် အတွက် အာဖဂန် နစ္စတန်နိုင်ငံရှိ ၎င်း၏တပ်ဖွဲ့ဝင်များကို ၁၅၀၀၀၀ အထိ ထပ်မံအင်အားဖြည့်တင်းထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သို့ရာတွင် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အခြေအနေပေးပါက အမေရိကန်တပ်ဖွဲ့များ အာဖဂန်စစ်မြေပြင်မှ စတင်ထွက်ခွာရန် စီစဉ်ထားရာယင်းသို့ထွက်ခွာမှုကြောင့် တာလီဘန်စစ်သွေးကြွများက အခွင့်အရေးရယူလာနိုင်ကြောင်း စစ်ရေးအကဲခတ်များက ဝေဖန်သည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ရှိ ကာ့ခ်အကျဉ်းစခန်း

အမေရိကန်စစ်ဘက် ထိန်းချုပ်သော အီရတ်အကျဉ်းထောင်မှ သေဒဏ်ကျ အကျဉ်းသားလေးဦး ထွက်ပြေးလွတ်မြောက်

ဘဂ္ဂဒက် စက်တင်ဘာ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ လုံခြုံရေးတင်းကျပ်စွာချထားသော ကာ့ခ်အကျဉ်းထောင်မှ အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော အကျဉ်းသားလေးဦး ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း အီရတ်နှင့် အမေရိကန် တာဝန်ရှိသူများက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန်စစ်ဘက်က ထိန်းချုပ်ထားသော အီရတ်နိုင်ငံတွင်းရှိ အကျဉ်းထောင်များကို အီရတ်အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း အီရတ်အစိုးရ၏ မေတ္တာရပ်ခံချက်အရ ကာ့ခ်အကျဉ်းထောင်၌ ထိန်းသိမ်းထားသော အန္တရာယ်ကြီးမားသည့် အကျဉ်းသားများကို အမေရိကန်စစ်ဘက်က စစ်ဆေးမေးမြန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်းသိရသည်။သို့ရာတွင် ၎င်းအကျဉ်းသားများ မည်သည့်အချိန်တွင် မည်သို့မည်ပုံ လွတ်မြောက်ခဲ့သည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အီရတ် စစ်ဘက်တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ထွက်ပြေးလွတ်မြောက်ခဲ့သော အကျဉ်းသားလေးဦးသည် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်နေသူများဖြစ်ပြီး သေဒဏ်ချမှတ် ခံထားရသူများဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်တာဝန်ရှိသူများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဖြေရှင်းလျက်ရှိပြီး လွတ်မြောက်သွားသော အကျဉ်းသားများကို ပြန်လည်ဖမ်းဆီးနိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အေပီ။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအကူအညီ အီရန်လိုအပ်

နယူးယောက် စက်တင်ဘာ ၉

ဘိန်းကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် အီရန်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ဝင်များ ထောင်နှင့်ချီ၍ သေဆုံးခဲ့ရပြီး အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ပုံအောသုံးစွဲခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန် သံအမတ်ကြီးက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

မူးယစ်ဆေးဝါးကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာ၏ အကူအညီကို ပိုမိုလိုအပ်ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် အီရန်သံအမတ်ကြီးက ပြောကြားသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုသည် ဒေသတွင်းရှိ စစ်သွေးကြွများ၏ အဓိကဘဏ္ဍာငွေအရင်းအမြစ်ဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံဖြတ်ကျော် မူးယစ်မှောင်ခိုဂိုဏ်းများကို အီရန်နိုင်ငံက ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်သည့် တင်းပြည့် စစ်ပွဲတစ်ရပ်အား ဆင်နွှဲခဲ့ကြောင်း အီရန်သံအမတ်ကြီးက ပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီးက မူးယစ်ဂိုဏ်းများကို နှိမ်နင်းနိုင်မှုနှင့် ပတ်သက်၍ အသေးစိတ်ပြောကြားခြင်းမရှိသော်လည်း ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းသည် အိမ်နီးချင်းအာဖဂန်နစ္စတန်မှ ထွက်ရှိခြင်း ဖြစ်ကြောင်းထောက်ပြသည်။

အေအက်ဖ်ပီ။

မိုဂါဒစ်ရှူးလေဆိပ်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

မိုဂါဒစ်ရှူး စက်တင်ဘာ ၉

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးလေဆိပ်၌ ကြာသပတေးနေ့က ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အာဖရိကသမဂ္ဂ(အေယူ) ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအပါအဝင် ရှစ်ဦးသေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မိုဂါဒစ်ရှူးလေဆိပ်ပြင်ပရှိ အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ ကင်းစခန်းကို အသေခံဗုံးခွဲသူတစ်ဦးက ကားဖြင့် အတင်းဝင်တိုက်ခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားကာ လေထုအတွင်းသို့ မီးခိုးလုံးကြီးများ လိမ့်တက်လာသည်ကို တွေ့မြင်ရကြောင်း ဒေသခံတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုပေါ်ပေါက်ခဲ့ပြီးနောက် မရှေးမနှောင်းတွင် မိုဂါဒစ်ရှူးလေဆိပ်ခြံဝင်းအတွင်း ဒုတိယမြောက် ပေါက်ကွဲသံပေါ်ထွက်ခဲ့ကြောင်း၊ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် သေနတ်ပစ်ခတ်သံများ ပေါ်ထွက်ခဲ့ကြောင်း ဒေသခံတစ်ဦးကပြောကြားသည်။ မိုဂါဒစ်ရှူးလေဆိပ်၌ တိုက်ခိုက်မှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က အတည်ပြုသည်။

ဒဏ်ရာရရှိသော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်လေးဦးအား လေဆိပ်ဝင်ပေါက်ဂိတ်မှ သယ်ထုတ်သွားကြောင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်အများစုဖြစ်သည့် လူရှစ်ဦးမြေပြင်ပေါ်လဲကျနေသည်ကို တွေ့မြင်ရကြောင်း မျက်မြင်တွေ့ရှိသူကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သော မိုဂါဒစ်ရှူးလေဆိပ်အဝင်ဂိတ်တံခါး။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ကို တွေ့ရစဉ်။

အာဖဂန်စစ်မြေပြင်၌ အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှု ၂၀၁၀ ၌ အများဆုံး အများစုမှာ လမ်းဘေးထောင်ဗုံးများကြောင့် သေဆုံးခဲ့ရ

ကဘူး စက်တင်ဘာ ၉

၂၀၁၀ ခုနှစ်သည် အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် အသေအပျောက်အများဆုံး နှစ်တစ်နှစ်ဖြစ်ကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်နှင့် နေတိုးအဖွဲ့တို့၏ ကိန်းဂဏန်းများကို ကိုးကား၍ စက်တင်ဘာ ၉ရက် သတင်းများတွင် ဖော်ပြသည်။

ယခုလက်ရှိ အချိန်အထိ အာဖဂန်စစ်မြေပြင်၌ အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၃၂၁ ဦး သေဆုံးခဲ့ပြီးဖြစ်ရာ ကိုးနှစ်ကြာစစ်ပွဲကာလအတွင်း အသေအပျောက်နှုန်း အမြင့်မားဆုံးနှစ်ဟုဆိုနိုင်သည်။ နှိုင်းယှဉ်ဆိုရပါက ၂၀၀၉ ခုနှစ်အတွင်း အာဖဂန်စစ်မြေပြင်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၁၃ ဦးဖြစ်သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များကို ထပ်မံအင်အားဖြည့်တင်းပြီးနောက် နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှုန်းမြင့်တက်ခဲ့ရသည်ဟု ဆိုသည်။

လမ်းဘေးထောင်ဗုံးများ

အမေရိကန်တပ်ဖွဲ့ဝင်အများစုသည် အာဖဂန်စစ်သွေးကြွများ၏ အဓိကလက်နက်ဖြစ်သော လမ်းဘေးထောင်ဗုံးများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များကို လေ့ကျင့်ပေးလျက်ရှိပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အာဖဂန်ပြည်တွင်း လုံခြုံရေးတာဝန်အား ကိုင်တွယ်ဖြေရှင်းမှုကို အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက စက်တင်ဘာ ၇ ရက်က ပြောကြားသည်။

အင်တာနက်။

လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

စက်တင်ဘာ ၉ ၊ ၂၀၁၀

အာရှ-ပစိဖိတ်

ကာဇက်စတန်တောမီး

ကာဇက်စတန်နိုင်ငံမြောက်ပိုင်း၌ တောမီးလောင်ကျွမ်းရာ သစ်တော ၃၃၀၀ ဟက်တာ မီးသင့်ခံရပြီး သစ်တော ဝန်ထမ်းသုံးဦးနှင့် ဒေသခံရွာသားသုံးဦးတို့လည်း သေဆုံးသွားခဲ့သည်။

မှားယွင်းပစ်မိမှု ဖြစ်နိုင်ခြေများနေ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဩဂုတ် ၂၃ ရက်ကဖြစ်ပွားခဲ့သည့် ဟောင်ကောင်ကမ္ဘာလှည့် ခရီးသည်တင်ကားကို ရဲအရာရှိဟောင်းတစ်ဦးက ဓားစာခံအဖြစ်ဖမ်းဆီးခဲ့သည့်ဖြစ်စဉ်တွင် ဓားစာခံအချို့သေဆုံးရမှုမှာ ဖိလစ်ပိုင်အထူးရဲတပ်ဖွဲ့ဝင်များ၏ မှားယွင်းပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ဖွယ်ရှိကြောင်း စုံစမ်းစစ်ဆေးရေးနှင့် သုံးသပ်ရေး ကော်မတီအကြီးအကဲက ပြောသည်။

အမေရိကာ

ချီလီကမ်းလွန်ငလျင်ပြင်းလှုပ်

ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ ငလျင်ကြီး တစ်ခု ချီလီနိုင်ငံ၏ ဘီယိုဘီယို ကမ်းလွန်ဒေသ မြေအောက် အနက် ၁၇ ဒသမ ၆၀ ကီလိုမီတာကို ဗဟိုပြုကာ ဂရင်းနစ်စံတော်ချိန် ၀၇း၂၇း၀၂ တွင် လှုပ်ရှားသွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ထုတ်ပြန်သည်။

ဥရောပ

အကြမ်းဖက်တိုက်ခိုက်မှုများ ပူတင်ရှုတ်ချ

ရုရှားဝန်ကြီးချုပ် ဗလာဒီမီယာပူတင်က နိုင်ငံအတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနောက်မှ ကြိုးကိုင်သူများအား "လူမဆန်သူများ" အဖြစ် ပြင်းပြင်းထန်ထန်ရှုတ်ချလိုက်သည့်အပြင် ၎င်းတို့အား ဆန့်ကျင်တိုက်ခိုက်ရန်မှာ "အားလုံး၏တာဝန်" ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်း

အစ္စရေးလက်ယာဝါဒီများကို ပါလက်စတိုင်းဝေဖန်

အစ္စရေးညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ လက်ယာဝါဒီပါလီမန်အမတ်များသည် ယခုလ စောစောပိုင်းက ကျင်းပခဲ့သည့် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပျက်စီးရန် ကြိုးပမ်းနေကြကြောင်း ပါလက်စတိုင်း တာဝန်ရှိသူတစ်ဦးက စွပ်စွဲ ပြောကြားလိုက်သည်။

တောင်အာရှ

နေသဟာယအားကစားပွဲတော်တုပ်ကွေးခြိမ်းခြောက်

အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် ကျင်းပမည့် နေသဟာယအားကစားပွဲတော် ကျေးရွာအနီးရှိ ရွံ့နွံများတွင် ပေါက်ပွားသည့် ခြင်များမှတစ်ဆင့် သယ်ဆောင်လာသည့် တုပ်ကွေးရောဂါက အားကစားပြိုင်ပွဲကြီးကို ရောက်ရှိလာပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို ခြိမ်းခြောက်လျက်ရှိသည်။

ပင်လယ်ဓားပြများလက်မှ ဂျာမန်သင်္ဘောကို အမေရိကန်မရိန်းတပ်ဖွဲ့ ကယ်တင်

ဒူဘိုင်း စက်တင်ဘာ ၉

ယီမင်နိုင်ငံ မူကာလ်လာချ်မြို့၏ အရှေ့တောင်ဘက် ၈၅ မိုင်ခန့်အကွာ အေဒင်ပင်လယ်ကွေ့အတွင်း အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ပင်လယ်ဓားပြများဖမ်းထားသော ဂျာမန်ပိုင် "အမ်ဗွီဗာဂျဲလ်လန် စတား" သင်္ဘောကို စက်တင်ဘာ ၉ရက်က ပြန်လည်သိမ်းပိုက်ခဲ့ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ ဂျာမန်သင်္ဘောပေါ်သို့ တက်ရောက်သိမ်းပိုက်နေစဉ်။

ပင်လယ်ဓားပြများသည် သံကြိုးများတင်ဆောင်လာသော အဆိုပါဂျာမန်သင်္ဘောကို ယမန်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းစစ်ဆင်ရေးတွင် သင်္ဘောပေါ်သို့ တက်ရောက်စီးနင်းသော မရိန်းတပ်ဖွဲ့ဝင်များနှင့် သင်္ဘောသားများ တစ်စုံတစ်ဦးမျှ အသေအပျောက်မရှိကြောင်း၊ပင်လယ်ဓားပြဟုဆိုသူ ကိုးယောက်ကို ဖမ်းဆီးခဲ့ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

လက်ရဖမ်းဆီး

သင်္ဘောသားများက ဓားပြတို့၏ လက်မှ သင်္ဘောကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ပင်လယ်ဓားပြတို့က သင်္ဘောရေယာဉ်မှူးကို ဓားစာခံအဖြစ်ခေါ်ဆောင်၍ အသက်ကယ်လှေဖြင့် ထွက်ပြေးကြရာ မရိန်းလက်ဖြောင့်တပ်သားက ပင်လယ်ဓားပြ သုံးယောက်ကို ပစ်သတ်ပြီး စတုတ္ထမြောက်ဓားပြကို လက်ရဖမ်းဆီးခဲ့ကြသည်။

သင်္ဘောရေယာဉ်မှူးမှာ ထိခိုက်မှုမရှိဘဲ ပြန်လည်လွတ်မြောက်ခဲ့သည်ဟု ကယ်ဆယ်ရေးဆောင်ရွက်ပုံ အသေးစိတ်ကို အမေရိကန်ရေတပ်က ပြောကြားခဲ့သည်။ **အင်တာနက်။**

ထောင်ကျနေသူ အမေရိကန်သုံးဦးအနက် တစ်ဦးကို အီရန်ပြန်လွှတ်ပေးမည်

တီဟီရန် စက်တင်ဘာ ၉။ အစ္စလာမ်ဘာသာရေးဥပုသ်လပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် ချမ်းသာခွင့်ပေးရာတွင် ထောင်တွင်း၌ တစ်နှစ်ကျော်ကြာ အကျဉ်းချခံနေရသော အမေရိကန်နိုင်ငံသားသုံးဦးအနက်တစ်ဦးကို စက်တင်ဘာ ၁၁ရက်တွင် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း အီရန်အစိုးရက ကြာသပတေးနေ့တွင် ပြောကြားသည်။

ယင်းသို့ပြန်လွှတ်ပေးခြင်းကို မျက်မြင်ကိုယ်တွေ့ကြည့်ရှုနိုင်ရေးအတွက် တီဟီရန်မြို့ရှိ ဟိုတယ်တစ်ခုသို့ လာရောက်ကြရန် ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထောက်များကို အကြောင်းကြားထားသည်။ ၂၀၀၉ခုနှစ် ဇူလိုင်လက အဖမ်းခံခဲ့ရသူများနှင့် ၎င်းတို့၏ မိခင်များကို တွေ့ဆုံခွင့်ပေးခဲ့သော ဟိုတယ်ပင်ဖြစ်သည်ဟု ဆိုသည်။

ဖမ်းဆီးထားသော အမေရိကန် သုံးဦးအနက်မှ တစ်ဦးကို စနေနေ့နံနက် ၉နာရီတွင် အက်စ်တဂ်လားဟိုတယ်၌ ပြန်လွှတ်ပေးမည်ဟု သတင်းထောက်များသို့ ပေးပို့သော အကြောင်းကြား စာတွင် ဖော်ပြထားသည်။

အီရန်အာဏာပိုင်များက သုံးဦးအနက် မည်သူ့ကို ပြန်လွှတ်ပေးမည်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။ သို့သော် (၃၁နှစ်) အရွယ်ရှိ ဆာရာရှရောက် ဆိုသူမှာ ကျန်းမာရေး ကောင်းမွန်မှု မရှိကြောင်း သူ၏ မိခင်ထံသို့ အကြောင်းကြားထားသည်ဟုဆိုသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံအလယ်ပိုင်းတွင် ဘတ်စ်ကားတစ်စီးမြစ်ထဲကျ လူ ၅၀ သေဆုံးဖွယ်ရှိ

နယူးဒေလီ စက်တင်ဘာ ၉

အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒရာပရာဒေ့ရှ်ပြည်နယ်တွင် စက်တင်ဘာ ၈ ရက်က ဘတ်စ်ကားတစ်စီး မြစ်ထဲထိုးကျခဲ့ရာ လူ ၅၀ သေဆုံးဖွယ်ရှိကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြသည်။

ကနဦးထွက်ပေါ်ခဲ့သော သတင်းတွင် လူအပြည့်အသိပ်တင်ထားသောဘတ်စ်ကားတစ်စီးသည် မဒရာပရာဒေ့ရှ်ပြည်နယ် ဒီဝပ်စ်ခရိုင်ရှိ ဘက်ဂ်ဒီးမြစ်အတွင်း ထိုးကျသွားကြောင်း၊ လူ ၁၈ ဦးထက်မနည်းသေဆုံးပြီး ခရီးသည် ၃၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ဖော်ပြထားသည်။

ခရီးသည် ၈၀ ခန့်တင်ဆောင်ထားသည့် အဆိုပါ ဘတ်စ်ကားသည် လမ်းချော်ကာ ရေများပြည့်လျှံနေသော မြစ်အတွင်း ထိုးကျသွားခြင်းဖြစ်သည်။နစ်မြုပ်သွားသော ဘတ်စ်ကားကို ဝန်ချီစက်အကူအညီဖြင့် မြစ်အတွင်းမှ ဆယ်ယူနိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်ရှိ လမ်းမတော်တဆဖြစ်ပွားမှု အများဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံဖြစ်ပြီး နှစ်စဉ် လမ်းမတော်တဆမှုများကြောင့် လူ ၁၀၀,၀၀၀ ထက်မနည်း သေဆုံးကြောင်း သတင်းများတွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မက္ကဆီကိုအလယ်ပိုင်း၌ တတိယမြောက် မြို့တော်ဝန် အသတ်ခံရ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၉

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဆန်လူအစ်ပိုတိုဆီပြည်နယ် အဲလ်နာရန်ဂျိုမြို့တော်ဝန် အလက်ဇန္ဒြားလိုပက်ဇ် ဂါဇီယာသည် မူးယစ်ဂိုဏ်းသားများဟု ယူဆရသူ သေနတ်သမားများလက်ချက်ဖြင့် စက်တင်ဘာ ၈ ရက်က သေဆုံးခဲ့သည်ဟု ဖော်ပြသည်။

သေနတ်သမားများသည် ဗင်ကားနှစ်စီးဖြင့် မြို့တော်ဝန်၏ ရုံးအဆောက်အအုံသို့ ရောက်ရှိလာပြီး တိုက်ခိုက်ရေးသမား နှစ်ဦးက ကားပေါ်၌ စောင့်ဆိုင်းနေချိန်တွင် ကျန်သုံးဦးမှာ ရုံးတွင်းသို့ ဝင်လာပြီး သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဂါဇီယာ သေဆုံးခဲ့သည်။

ဆေးရုံတင်ပို့

ဩဂုတ် ၂၉ရက်က ဟီဒဲလ်ဂိုမြို့တော်ဝန်သည် ၎င်း၏ သမီးဖြစ်သူနှင့် ၎င်း၏ မွေးမြူရေးခြံမှ ထွက်ခွာလာစဉ် လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီး သမီးဖြစ်သူလည်း ဒဏ်ရာရရှိခဲ့ကာ ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ဇွန်လကုန်ကလည်း ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဝင်ရောက် ရွေးချယ်ခံမည့် ပီအာရ်အိုင်ပါတီမှ ကိုယ်စားလှယ်လောင်းသည် ၎င်း၏ သက်တော်စောင့်လေးဦးနှင့်အတူ အသတ်ခံခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မိတ္ထီလာ-မန္တလေးလမ်းပိုင်းတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ထို့နောက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ၊ယာ တစ်လျှောက်၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် မိုးနှောင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးနေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာ-မန္တလေးလမ်းပိုင်း လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ ဗိုလ်ချုပ်မြင့်စိုးက လမ်းကို ပြုပြင်ထိန်းသိမ်းသွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးသည် ဝမ်းတွင်းမြို့နယ် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မြင့်စိုးသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ၊ ရေပို့လွှတ်ဖြန့်ဖြူးပေးနိုင်မှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်မြင့်စိုးက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝမ်းတွင်းမြို့ ထိန်ကန်ကြီးကန် ပြန်လည်တူးဖော် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

❍ အမြန်နှုန်းမြင့်မားသောမှ

ဟွန်ဒိုင်း ကုမ္ပဏီက ထုတ်လုပ်သော အဆိုပါကားသည် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အမြင့်ဆုံး အမြန်နှုန်းဖြင့် မောင်းနှင်နိုင်သည့် လျှပ်စစ်ကားဖြစ်သည်။

"ဘလူးအွန်"လျှပ်စစ်ကားသစ် ဖွင့်ပွဲအခမ်းအနားကို မြို့တော်ဆိုးလ်ရှိ သမ္မတအိမ်တော် (ဘလူးဟောက်စ်)၌ စက်တင်ဘာ ၉ ရက်က ကျင်းပရာ သမ္မတ လီမြောင်ဘတ်က ယင်းကားကို စမ်းသပ်မောင်းနှင်ခဲ့သည်။

"ဘလူးအွန်"လျှပ်စစ်ကား၏ အမြင့်ဆုံးအမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ (၈၁)မိုင်ဖြစ်သည်။ ယင်းကားသည် တစ်ကြိမ်အားဖြည့်ပြီးနောက် ကီလိုမီတာ ၁၄၀ အထိ မောင်းနှင်နိုင်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

လျှပ်စစ်ကားဈေးကွက်

တောင်ကိုရီးယားနိုင်ငံ၏ လျှပ်စစ်ကားဈေးကွက်မှာ ယခုအခါ ကျယ်ပြန့်လာရာ မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာနယ်ပယ်တွင် ဦးဆောင်ကုမ္ပဏီ၏ အခန်းကဏ္ဍကိုရရှိရန် မိမိတို့မျှော်မှန်းကြောင်း ဟွန်ဒိုင်းကုမ္ပဏီ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ဒုတိယဥက္ကဋ္ဌ လီဟွန်ဆွန်းက ပြောကြားသည်။

ဟွန်ဒိုင်းကုမ္ပဏီသည် "ဘလူးအွန်"လျှပ်စစ်ကားကို တီထွင်ထုတ်လုပ်ရန် ရန်ပုံငွေ ဝမ် ဘီလီယံ ၄၀ (ဒေါ်လာ ၃၄ သန်း) ရင်းနှီးမြှုပ်နှံခဲ့သည်။

ဟွန်ဒိုင်းကုမ္ပဏီသည် "ဘလူးအွန်"လျှပ်စစ်ကားအမျိုးအစားကို ၂၀၁၂ နှစ်ကုန်နောက်ဆုံးထား၍ စီးရေ ၂၅၀၀ ခန့်အထိ ထုတ်လုပ်သွားရန် စီစဉ်ထားသည်။

"ဘလူးအွန်"လျှပ်စစ်ကားသည် လစ်သီယမ် အိုင်ယွန် ပိုလီမာ ဘက်ထရီကို အသုံးပြုသည်။

တောင်ကိုရီးယားအစိုးရအဖွဲ့သည် ၂၀၂၀ ခုနှစ် နောက်ဆုံးထား၍ နိုင်ငံအတွင်းရှိ ကားထုတ်လုပ်ရေးကုမ္ပဏီများအနေဖြင့် လျှပ်စစ်ကားစီးရေ တစ်သန်းအထိ ထုတ်လုပ်ရန် ရည်မှန်းထားသည်။ ***အင်တာနက်။***

လှိုင်သာယာပင်လုံဈေး သမအသင်းဖွဲ့စည်း

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၃)ရပ်ကွက် ပင်လုံဈေး သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေး အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းများ ပြန်လည်ဖွဲ့စည်းရေး ကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစိုးတင့်က ပင်လုံဈေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်ပါ ဒါရိုက်တာအဖွဲ့ဝင်ငါးဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းပေးလိုက်ကြောင်း သိရှိရသည်။**(အပေါ်ပုံ)** (၃၂၉)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်ထံ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်နေ ဒေါက်တာတင်ထွန်းဦး (သုတစွယ်စုံစာအုပ်တိုက်၊ စွယ်စုံမီဒီယာ)က ပုဇွန်တောင်မြို့နယ်အတွက် ငွေကျပ်ရှစ်သိန်းကျော် တန်ဖိုးရှိ စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ် စုစုပေါင်းအုပ်ရေ ၆၆၀ ကို စက်တင်ဘာ ၇ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

(၂၂)ကြိမ်မြောက် မသန်စွမ်းသူများ Golf ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ဦးစီးကျင်းပသော (၂၂)ကြိမ်မြောက် မသန်စွမ်းသူများ Golf ပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၆ နာရီတွင် ရန်ကုန်မြို့ရှိ တပ်မတော် Golf ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် မသန်စွမ်း ဂေါက်သီးရိုက် အားကစားသမားများသည် ဗိုလ်မှူး သိန်းဆွေမြင့် (ငြိမ်း) ဖုန်း-၀၁-၅၄၂၉၄၁၊ ဗိုလ်ကြီးစိန်ဝှက် (ငြိမ်း) ဖုန်း-၀၉-၈၆၀၂၁၆၀ နှင့် မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း-၀၁-၃၈၂၄၅၅တို့သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန်နှင့် တပ်မတော် Golf ကွင်းသို့ နံနက် ၅ နာရီခွဲ အရောက်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၁၀-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်	၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၇း၀၅	တရားတော်(အင်္ဂုလိမာလသုတ်+ ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ	၄း၃၀	စစ်သည်အတွက်တေးလက်ဆောင်
		၅း၀၀	Music Talk တေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ	၅း၂၅	သတင်းစာဆောင်းပါး
၇း၃၅	နံနက်ခင်းတေးပဒေသာ	၅း၃၀	ရင်ခုန်စီးဆင်းအနုပညာသတင်း(၇)
၈း၀၀	စံတော်ချိန်+သတင်း	၆း၀၀	ညနေခင်းသတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ	၆း၁၀	လူမှုစာနာပြန်ကြားလွှာ
၈း၃၀	ပြောပါရစေရှင် (မေတ္တာတရား)	၆း၂၀	တေးချစ်သူရွေးသီ တေးပန်းခြီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၈း၃၅	တေးပဒေသာ		
၁၀း၀၀	သောတရှင်လိုရာတေး	၇း၀၀	နိုင်ငံတကာသတင်း
၁၀း၃၀	သတင်းစာအာဘော်	၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး	၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ဆီနဲ့ရေ)
၁၁း၀၀	နေ့လယ်ခင်းသတင်း		
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ	၇း၄၅	တေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ	၈း၀၀	ပြည်တွင်းသတင်း
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ	၈း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကံ့ကော်တောမျိုးအောင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL)		
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း (ရသုံးမှန်းခြေ) နေ့လယ်ခင်းတေးပဒေသာ	၉း၀၀	ဆောင်းပါး (ရဲရင့်သတ္တိရှိခြင်း)
		၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း		
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ		
၁း၃၀	အစီအစဉ်ပြီး၏။	၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းဖွယ်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တောင်ကြီးမြို့တွင် ၂ ဒသမ ၂၄ လက်မ၊သိမ်ဖြူမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၀၀ လက်မ၊ ဟဲဟိုးမြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၇၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၀ ရက် ညနေထိခန့်မှန်းချက်။ ။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❑ ကာကွယ်ရေးမှ

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-jae၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ၊ ICT ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-jae၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ The 1st Myanmar-Korea ICT Products & Solutions Exhibition 2010 ဖွင့်ပွဲတွင် ပြပွဲခန်းမအတွင်း ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ရထားပြတင်း မိုးရှုခင်း

❍ ရထားပြတင်း၊ ကိုယ့်မြင်ကွင်းဝယ်
စိုဝင်းစိမ်းမြ၊ အေးချမ်းလှသည်
မိုးလတို့မြေ ရှုခင်းများ။

❍ တဖွဲဖွဲမှ
တသဲသဲစွေ၊ ရွာပြန်ချေခဲ့
ငွေရည်မိုးစက်၊ သွန်းဖျန်းပက်၍
သက်ဝင်သာမော၊ ဒို့လယ်တော၌
သောသောစည်စည် ညံလေပြီ။

❍ ထွန်လိုက်ယက်လိုက်၊ တမန်းလိုက်ကြ
ကောက်စိုက်ပျိုးနုတ်၊ ခါးချိုးလုပ်ရင်း
ရပ်လုံးပေါ်လွင်၊ လယ်ကွင်းပြင်ကား
ကောက်ပင်စိမ်းလဲ့၊ လေအသွဲ့ဝယ်
ယိမ်းနွဲ့ကကြိုး ဆင်လေပြီ။

❍ ချောင်းမြောင်းအိုင်အင်း၊ ရေလျှံဆင်းလျက်
ကွင်းကျယ်အဝေး၊ ရိုးရေဖွေးခဲ့
ဖွေးဖွေးလှုပ်လှုပ်၊ ဖျိုင်းတစ်အုပ်လည်း
ရတ်ရက်ဝဲချည်၊ ဆင်းသက်ချည်နှင့်
ရာသီဘာဝ လှလေပြီ။

❍ ကြာနီတစ်ပွင့်၊ ဖြူတစ်ပွင့်နှင့်
တင့်တယ်နေဆဲ၊ လယ်စောင့်တဲလေး
ရင်ထဲရောက်လာ၊ သောအခါဝယ်
ကဗျာပန်းတို့ ပွင့်လေပြီ။

❍ အစိမ်းအဖြူ ဝတ်စုံတူနှင့်
ငယ်မူပျော်ပါး၊ သမီးသားတို့
ကျောင်းသွားကျောင်းပြန်၊ မြင်ရပြန်သော်
ငယ်ဟန်ငယ်အတွေး၊ ငယ်မူသွေးနှင့်
ရေးရေးပြုံးယောင် သမ်းလေပြီ။

❍ ရွှေရောင်ဝင်းဝင်း
ထင်းထင်းဖူးမြင်၊ စေတီစဉ်နှင့်
သစ်ပင်စုစု၊ တဲစုစုများ
ဥယျာဉ်စိမ်းလန်း၊ တောတန်းစိုလွင်
ရွာစဉ်စိမ်းမို့၊ တိမ်ခိုးညို့ခဲ့
ထို့နောက်ဆီမှာ၊ ဝိုင်းပတ်ကာလျှင်
တောင်ပြာတံတိုင်း၊ မိုးငွေ့မှိုင်းသော်
ရှစ်တိုင်းပြာရီ မှောင်ချေပြီ။

❍ ဝသန်မိုးလျှင်၊ ပြည်တစ်ခွင်ဝယ်
သက်ဝင်နိုးထ၊ အားမာန်ကြွလျက်
အလှဖြာအောင်၊ နှင်းအပ်ဆောင်ဟု
မြောက်တောင်စဉ်းစား၊ အတွေးပွားဆဲ
ရထားဥသြ ညံခဲ့ပြီ။
နေပြည်တော်ကို ဝင်တော့မည်။ ။

ဇော်မင်းမင်းဦး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ "စိမ်းစိုလန်းဆန်းအံ့မခန်း ရတနာတန်းဝင်ကျွန်းသစ်ပင်"
၈း၂၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၃၀ ၉။ "ချစ်သောမြေ ချစ်သောရေ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၈။ "အေးမြသောလေညှင်းလေးများ"
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မနေ့က သည်နေ့နဲ့မနက်ဖြန် [Lဆိုင်းဇီသရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ပုဏ္ဏက]
၁၉။ "လျှပ်တစ်ပြက်ဟာသများ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ)(အပိုင်း-၂၀)**
၂၁။ သီချင်းချစ်သူ
၂၂။ အစီအစဉ်ပြီး၏။

ရပ်ကွက်ရေပေးရေး ကွင်းဆင်းစစ်ဆေး

ရေနံချောင်း စက်တင်ဘာ ၉

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နေပြည်သူလူထု သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဂါလန်တစ်သန်းဆံ့ ရေသန့်ကန်မှရေအား ပင်မမိန်းလိုင်း နှစ်လက်မ၊ သုံးလက်မပိုက်များဖြင့် ရပ်ကွက်များသို့ ရေဖြန့်ဝေပေးခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဇူလိုင် ၃၁ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အလီမှာ စာမှာရှိ

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၉ ရက်က (၆၂)ကြိမ်မြောက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဆရာတော်အရှင်လာဘ ဟောကြားတော်မူသော" တရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၃)**
၈း၄၀ ကုသိုလ်ယူရေး အသိပေးနှိုးဆော် ဇမ္ဗူဒီပဗိမာန်တော်
၈း၅၅ ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
၉း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၃)
၉း၅၅ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝ ဂျယ်ကိုသုံးကြစို့
၁၀း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်"
၁၀း၄၀ စွမ်းရည်ထက်မြက်မြန်မာ့မျက်လှည့်
၁၁း၁၅ သူတို့ဘဝသူတို့ဟာသ(စူပါဘဲတော)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Safeguard ဆပ်ပြာမိတ်ဆက်ပွဲ)
၁၂း၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (Seafood Chowder Soup & Fish Piccata with Butter Rice ပြုလုပ်နည်း)
၁း၀၀ "ဆရာတော်အရှင်လာဘ ဟောကြားတော်မူသော"တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Dagon Center Shopping Mall ၏ မိုးရာသီမိသားစုပျော်ပွဲရွှင်ပွဲနှင့် အထူးအရောင်းမြှင့်တင်ပွဲကြီး)
၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၃)**
၄း၄၀ ကုသိုလ်ယူရေးအသိပေးနှိုးဆော် ဇမ္ဗူဒီပဗိမာန်တော်
၅း၀၀ MNL Preview
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Science For All (လေဝင်လေထွက်ကောင်းမွန်မှုတအောင်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၀)**
၇း၂၀ The Champion of Dance
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-အိမ့်ချစ်)
၉း၀၀ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၄)**
၁၀း၁၀ ဖက်ရှင်လမ်းညွှန် (Aroma Zulu Dress Creation)
၁၀း၄၀ VJ Choice
၁၁း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်"
၁၁း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (စန္ဒဝင်းနှင့်တွေ့ဆုံခြင်း)
၁၁း၅၅ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝ ဂျယ်ကိုသုံးကြစို့
၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (Safeguard ဆပ်ပြာမိတ်ဆက်ပွဲ)
၁၂း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၄၀ ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၂း၅၀ World of Knowledge (Mega Fish)
၁း၃၅ မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ (ထွန်းထွန်း (Examplez)၊ အကယ်ဒမီမြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ တက္ကသိုလ်ဂွမ်းပုံ၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁း၅၅ စားချင်စဖွယ်နည်းအသွယ်သွယ် (Seafood Chowder Soup & Fish Piccata with Butter Rice ပြုလုပ်နည်း)
၂း၁၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလား ဥဿဖရား) (အပိုင်း-၂)
၂း၄၀ စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှု နည်းစနစ်များ)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ Say It In English
၄း၂၀ ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၄း၃၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့်ပြုလုပ်နည်း)
၄း၄၀ ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှရွှေတိုးပါဝါ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အားလုံးစုံညီ မဲပေးကြမည်

မကြာမီ

ပြည်သူအများ မျှော်လင့်စောင့်စားနေကြတဲ့ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်မှာ ရောက်ရှိလာပါတော့မယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး မဲရုံကိုသွားပြီး လွတ်လပ်စွာ မဲပေးနိုင်ကြတော့မှာပါ။

"မဲရုံသွားပြီး မဲမထည့်နဲ့"တဲ့၊ ပြည်ပအသံလွှင့်ဌာနတချို့က လှုံ့ဆော်တားဆီးနေလေရဲ့။

ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းဆိုတဲ့ အခွင့်အရေးကို နှစ်ပေါင်း မည်မျှကြာအောင် စောင့်ဆိုင်းခဲ့ရသလဲဆိုတာ အဲဒီလူတွေ မသိလို့လား။ ဆန္ဒမဲပေးပြီး ဒီမိုကရေစီစနစ်ရဲ့ အုတ်မြစ်တွေ ခိုင်မာလာမှာကို မလိုလားလို့လား။ မြန်မာပြည်သူတွေဟာ ဆန္ဒမဲပေးရလောက်အောင် လူ့အရည်အချင်း မရှိကြသေးပါဘူးလို့ အထင်သေးလို့ စွပ်အော်နေတာလား။

ပြည်သူ့ဝန်တာ

မဲဆန္ဒပေးတယ်ဆိုတာ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးရဲ့ အခြေခံတာဝန်တစ်ရပ်ပဲ။ ဒါကိုတောင်မှ "ရှောင်လွှဲပါ၊ မပါဝင်ပါနဲ့" ဆိုပြီး တားမြစ်လှုံ့ဆော်နေကြသူတို့ရဲ့ ယုတ်မာကောက်ကျစ်တဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီ ဆန့်ကျင်ရေးပါလား။ တကယ်တော့ မြန်မာပြည်သား ဘယ်သူမဆို လွတ်လပ်ခွင့်အပြည့်အဝရှိတယ်။ ဘယ်သူရဲ့ လွှမ်းမိုးမှုမှ ခံယူစရာမလိုဘူး။ ဆန္ဒမဲပေးချင်လည်းရတယ်။ မပေးချင်လည်း နေလို့ရတယ်။ တရားဝင်မဲပေးခွင့်ရရှိပါလျက် မပေးဘဲနေပြီး နိုင်ငံမှာဆက်နေရင်တော့ သူများစိုက်တဲ့အသီးပဲ ခူးစားချင်ပြီး မိမိကိုယ်တိုင် တစ်စုံတစ်ရာ ဘာဆိုဘာမှ ပါဝင်စိုက်ပျိုးခြင်း မရှိတဲ့ အချောင်သမားသက်သက် တာဝန်မသိတတ်တဲ့ လူစားမျိုးပဲဖြစ်သွားမှာပေါ့။ ဒီမိုကရေစီနိုင်ငံနဲ့ သင့်တော်ပါဦးမလား။ ရှက်စရာကောင်းလောက်အောင် အသိဉာဏ်နိမ့်ရာ ရောက်သွားမယ်။ တိုင်းပြည်နိုင်ငံ ထူထောင်ရေးမှာ အုပ်ချုပ်သူကချည်း တာဝန်ယူထားတဲ့စနစ်ကနေပြီး ပြည်သူပြည်သား အားလုံးက ပါဝင်ဆုံးဖြတ် စဉ်းစားရွေးချယ်ရတဲ့ ဒီမိုကရေစီခေတ်သစ် ရောက်လာပြီလေ။ ရပိုင်ခွင့်တွေ ရလာမယ်။ အလားတူ တာဝန်တွေလည်း ယူလာရပေလိမ့်မယ်။ ဆန္ဒမဲပေးတယ်ဆိုတာဟာ ဒီနိုင်ငံတော်အတွက် မိမိဖြစ်စေချင်တဲ့ဆန္ဒကို လွတ်လပ်ပွင့်လင်းစွာ ဖော်ပြရတဲ့ နိုင်ငံသားတာဝန်တစ်ရပ်ပဲ။ မဲပေးသင့်တာပေါ့။ ပေးရမှာပေါ့။

လွတ်လပ်စွာ

"ဒါဖြင့် ဘယ်သူ့ကို ဆန္ဒမဲပေးရမှာလဲ?"။

ကိုယ်ကြိုက်ရာပေး။

ကိုယ်ဆန္ဒရှိရာ ရွေးချယ်ပြီး(✔) အမှန်ခြစ်ရေးရုံလေးပါပဲ။ ဘယ်သူ့ကိုပေးပေး လွတ်လပ်စွာ ဆုံးဖြတ်ခွင့် အပြည့်အဝရှိတယ်။ မိမိ ဘယ်သူ့ကို မဲပေးသလဲဆိုတာကို ဘယ်သူမှ သိခွင့်မရှိဘူး။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း အပြည့်အဝရှိအောင် မဲရုံတွေမှာ လျှို့ဝှက်မဲပေးစနစ် လုပ်ပေးထားတယ်။ စိတ်ချ။ ဘယ်သူမှ မသိစေရ။

လွှတ်တော်ကိုယ်စားလှယ်လောင်း ဘယ်ပုဂ္ဂိုလ်ဟာ၊ ဘယ်ပါတီဟာ ဒို့တိုင်းပြည် ဒို့လူမျိုးအကျိုးကို ကောင်းအောင်၊ တိုးတက်အောင် တကယ်ဆောင်ရွက်နိုင်မှာလဲ?"။

ဒီအချက်ကို အခြေခံစဉ်းစားပါလေ။

ဆွေမျိုးတော်လို့လည်း မပေးလေနဲ့။ တစ်ရွာတည်းသား မို့လည်း မပေးလေနဲ့။ သူများတကာက ပေးပါလို့ မဲဆွယ်တာနဲ့လည်း ဆန္ဒမဲမပေးလိုက်နဲ့။ သိအောင်လေ့လာ။

ကိုယ်တိုင်သေသေချာချာ စဉ်းစားရွေးချယ်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ကိုယ်နေတဲ့ မဲဆန္ဒနယ်မြေအလိုက် အမတ်လောင်းတွေ ဘယ်သူလဲဆိုတာ သိရပါတော့မယ်။

ရွေးချယ်ပါ

"ကျုပ်တစ်ယောက် မဲမပေးဘဲနေတာ ဘာဖြစ်မှာလဲ။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး"လို့ ပြောတဲ့လူတွေလည်း တွေ့ဖူးပါလိမ့်မယ်။ ဒီမိုကရေစီဆိုတာ လူတစ်ဦးချင်းစီရဲ့ စုပေါင်းအား၊ ပြည်သူပြည်သားတွေရဲ့ စွမ်းအားနဲ့ ထူထောင်တည်ဆောက်ရတဲ့ စနစ်ပါ။ အားလုံးရဲ့ ကိုယ်စီတာဝန်။

ပုံပြင်

ဟိုရှေးက မဖွံ့ဖြိုး မတိုးတက်သေးတဲ့ လူမျိုးစုတစ်စုရဲ့ မွေးမြူရေးရွာလေးတစ်ရွာ ရှိသတဲ့။ ဆင်းရဲချို့တဲ့ တဲ့ ရွာကလေး။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စတဲ့ တိရစ္ဆာန်တွေ မွေးမြူစားသောက်ကြတဲ့ ရွာသူရွာသားတွေ စုပေါင်းနေထိုင်ကြပါသတဲ့။

တစ်နေ့မှာ ရွာလူကြီးက ရွာလယ်မှာ စဉ့်အိုးကြီးချထားပြီး ရွာသူရွာသားအားလုံးကို ဒီလိုပြောသတဲ့။

"တို့တစ်တွေ နက်ဖြန်ကျရင် စုပေါင်းပျော်ပွဲတစ်ခု ကျင်းပကြရအောင်၊ စားစရာတွေ ကိုယ်စီချက်ပြုတ်တာပေါ့။ အိမ်တစ်အိမ်ကို နို့တစ်ကွတ်(တစ်ပုလင်းစာ) ဟောဒီရွာလယ်က စဉ့်အိုးကြီးမှာလာပြီး ထည့်ကြပါ။ ညနေကစပြီး နွားနို့တွေ လာထည့်ကြပါ။ ညမှလာထည့်လည်း ရတယ်။ နက်ဖြန်မနက်မှ နို့တွေကိုကျိုပြီး စားသောက်ကြမယ်။"

အဲဒီနေ့ နေဝင်ရီတရောကစပြီး ရွာလယ်ကစဉ့်အိုးကြီးထဲကို ရွာသူရွာသားတွေ ပုလင်းကိုယ်စီနဲ့ လာထည့်ကြပါတယ်။ ညအမှောင်ထဲမှာလည်း တစ်အိမ်တစ်ပုလင်းစီ လာထည့်ကြသတဲ့။

နံနက်ခင်းအလင်းရောင်လာတော့ အဲဒီ နွားနို့စဉ့်အိုးကြီးကို ဖွင့်ကြည့်တဲ့အခါ နွားနို့မဟုတ်ဘဲ ရေတွေချည်းပဲ ဖြစ်နေပါရောတဲ့။ အားလုံးဟာ ရေ။ ဟုတ်တယ်။

တာဝန်မဲ့မှု

"တခြားအိမ်တွေက နွားနို့စစ်စစ်တွေထည့်ကြမှာပဲလေ။ ငါကတော့ အချောင်ခိုပြီး ရေပဲထည့်လိုက်မယ်။ မှောင်နဲ့မည်းမည်းထဲ ဘယ်သူမှလည်း မြင်တာမဟုတ်ပါဘူး" လို့ အိမ်တိုင်းအိမ်တိုင်း အဲသလို တွန့်တိုစေးနှဲပြီး တာဝန်ပျက်ကွက်ခဲ့တဲ့အတွက် ရွာလယ်က စဉ့်အိုးဟာ ရေတွေချည်းပဲ ဖြစ်နေတော့တာပေါ့။

မောင်မိုးရှင်း

ဘာမှမထည့်တော့ ဘာမှမရဘူးပေါ့။

ရွာလူကြီးက ပြောသတဲ့။

"ငါတို့ရွာလေးဟာ ဆင်းရဲနွမ်းပါးတယ်။ တို့ရွာရဲ့ အရှေ့ဘက်ကရွာလည်း ချမ်းသာနေကြတယ်။ တို့ရွာရဲ့ အနောက်ဘက်က ရွာတွေလည်း ချမ်းသာနေပါပြီ။ တို့ရွာက လူတွေဟာ မွဲတေနေတာ ဘာကြောင့်လဲ။ ကနေ့ ငါတို့သိရပြီ။ စေတနာမွဲလို့ ကံမွဲနေတာ။ အများအတွက် မိမိက ကျတဲ့တာဝန်ကို ပါဝင်ယူချင်တယ်ဆိုတဲ့ စိတ်စေတနာ နည်းပါးနိမ့်ကျနေခဲ့ကြလို့ ငါတို့ရွာက မွဲနေတာပဲ။ နောက်နောင် ဒီလိုရေသာမခိုကြနဲ့" လို့ ဆုံးဖြတ်တိုင်ပင်ပြီး အများအတွက်ကို တစ်ယောက်ချင်းစီက တာဝန်သိသိ ပါဝင်ထမ်းဆောင်သွားကြတဲ့အခါ မကြာခင်မှာ ဆင်းရဲသားကျေးရွာလေးဟာ စည်းလုံးညီညာမှုစွမ်းအားနဲ့ တိုးတက်ကြီးပွားချမ်းသာသွားသတဲ့လေ။ ပုံပြင်လေးတစ်ပုဒ်ပါ။

သင်ခန်းစာ

ကဲ **တစ်ဦးချင်းစီမှာ အများအကျိုးသယ်ပိုးချင်တဲ့ စိတ်ကောင်းစေတနာရှိကြပါမှ အဲဒီလူ့အဖွဲ့အစည်းက တိုးတက်အောင်မြင်နိုင်တာ။ တစ်ဦးချင်းစုပေါင်းတဲ့ စေတနာစွမ်းအားဟာ အဆပေါင်းများစွာ ကြီးမားပါတယ်။ မဲရုံကိုသွားတယ်၊ မဲပေးတယ်ဆိုတာ ဘာမှပင်ပန်းတဲ့အလုပ်မဟုတ်ပါဘူး။ လွယ်လွယ်လေးပါပဲ။ ဒါပေမယ့် ပြည်သူသန်းပေါင်းများစွာ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဖြစ်မနေ တာဝန်ကျေကျေ မဲပေးကြတယ်ဆိုတဲ့ ဦးရေကိန်းဂဏန်းဟာ ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးအသိအမြင် မြင့်မားမှု ပြကိန်းတစ်ခုပါပဲ။**

နိုင်ငံရဲ့ ဂုဏ်သိက္ခာ

မြန်မာနိုင်ငံမှာ ပြည်သူလူထုဟာ နိုင်ငံရေးအသိ ဒီလောက်တောင် နိုးကြားပါကလားဆိုတာ နိုင်ငံတကာ အားလုံးသို့ ဂုဏ်ယူစရာ ပြသနိုင်တဲ့ ကိန်းဂဏန်းပါပဲ။

ချစ်တဲ့ နိုင်ငံတွေက ချီးကျူးဩဘာပေးကြမယ်။

မုန်းတဲ့နိုင်ငံတွေက လန့်သွားကြမယ်။

တိုးတက်စေချင်တဲ့ နိုင်ငံတွေက ဝမ်းသာကြမယ်။

ဒုက္ခရောက်စေချင်တဲ့ နိုင်ငံကလူတွေ မှိုင်သွားမယ်။

မဲဆန္ဒပေးတယ်ဆိုတာ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးရဲ့ အခြေခံတာဝန်တစ်ရပ်ပဲ။ ဒါကိုတောင်မှ "ရှောင်လွှဲပါ၊ မပါဝင်ပါနဲ့" ဆိုပြီး တားမြစ်လှုံ့ဆော်နေကြသူတို့ရဲ့ ယုတ်မာကောက်ကျစ်တဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီ ဆန့်ကျင်ရေးပါလား။ တကယ်တော့ မြန်မာပြည်သား ဘယ်သူမဆို လွတ်လပ်ခွင့်အပြည့်အဝရှိတယ်။ ဘယ်သူရဲ့ လွှမ်းမိုးမှုမှ ခံယူစရာမလိုဘူး။ ဆန္ဒမဲပေးချင်လည်းရတယ်။ မပေးချင်လည်း နေလို့ရတယ်။ တရားဝင်မဲပေးခွင့် ရရှိပါလျက် မပေးဘဲနေပြီး နိုင်ငံမှာဆက်နေရင်တော့ သူများစိုက်တဲ့အသီးပဲ ခူးစားချင်ပြီး မိမိကိုယ်တိုင် တစ်စုံတစ်ရာ ဘာဆိုဘာမှ ပါဝင်စိုက်ပျိုးခြင်းမရှိတဲ့ အချောင်သမားသက်သက် တာဝန်မသိတတ်တဲ့ လူစားမျိုးပဲဖြစ်သွားမှာပေါ့။ ဒီမိုကရေစီနိုင်ငံနဲ့ သင့်တော်ပါဦးမလား။ ရှက်စရာကောင်းလောက်အောင် အသိဉာဏ်နိမ့်ရာ ရောက်သွားမယ်။ တိုင်းပြည်နိုင်ငံ ထူထောင်ရေးမှာ အုပ်ချုပ်သူကချည်း တာဝန်ယူထားတဲ့စနစ်ကနေပြီး ပြည်သူပြည်သားအားလုံးက ပါဝင်ဆုံးဖြတ် စဉ်းစားရွေးချယ်ရတဲ့ ဒီမိုကရေစီခေတ်သစ် ရောက်လာပြီလေ။ ရပိုင်ခွင့်တွေ ရလာမယ်။ အလားတူ တာဝန်တွေလည်း ယူလာရပေလိမ့်မယ်။ ဆန္ဒမဲပေးတယ်ဆိုတာဟာ ဒီနိုင်ငံတော်အတွက် မိမိဖြစ်စေချင်တဲ့ဆန္ဒကို လွတ်လပ်ပွင့်လင်းစွာ ဖော်ပြရတဲ့ နိုင်ငံသားတာဝန်တစ်ရပ်ပဲ။

တစ်ဦးချင်း
စိတ်ကောင်းစေ
က တိုးတက်အေ
တဲ့ စေတနာစွ
ကြီးမားပါတယ်
ဆိုတာ ဘာမှ
လွယ်လွယ်လေး
များစွာ ဒီမိုက
မဖြစ်မနေ တာ
ဦးရေကိန်းဂဏ
နိုးကြားမှု၊ နိုင်ငံ
တစ်ခုပါပဲ။

ဒါကြောင့် ဆန္ဒမဲ
ရတဲ့ လေးနက်တဲ့
အပြစ်အမှား-သတ်
မဲပေးတာကို တ
ဒဏ် တစ်နှစ်ဖြစ်စေ
နှစ်ရပ်စလုံးဖြစ်စေ
လေလှိုင်းသံမှ လေ
တော့ သင့်မသင့် ချ
မယောင်လေနဲ့။

မဲပေးမယ်

ဦးစွာပထမ မဲစ
တဲ့ နေရာမှာ ကပ်ထ
ကို မှတ်ထားရင် ပိုအ
ရှိတဲ့ စာရင်းစာအု
ဘယ်လောက်က မဲခ
မဲရုံမှူးတွေကို မဲပေး
မြန်ဆန်စေလိမ့်မယ်
ဆန္ဒမဲပေးရမယ့်
သွားကြည့်တဲ့အခါ
ရွေးကောက်ပွဲကော်
အကြောင်းပြောပြပါ
ထည့်ပေးပါလိမ့်မယ်
နှစ်နေရာတော့ မ
ရှိပါတယ်။)

ဆန္ဒမဲ

၇-၁၁-၂၀၁၀
လဆန်း ၁ ရက် ေ
(၁) မဲရုံကိုသွား
ပထမမဲလက်မှတ်မှာ
လောင်းရွေးပြီး တ
ခြစ်ပေးရမယ်။ ဒါပဲ၊
အခြားခြစ်တာရေးတ
ကိုယ်စားလှယ်
ပြားမှာ ဖော်ပြထား

ည်

ကစပြီး နွားနို့တွေ
ယ်။ နက်ဖြန်မနက်မှ

ယ်ကစဥ့်အိုးကြီးထဲကို
ည့်ကြပါတယ်။ ည
လာထည့်ကြသတဲ့။
 နွားနို့စဥ့်အိုးကြီးကို
ချည်းပဲ ဖြစ်နေပါရော

တွထည့်ကြမှာပဲလေ။
ိုက်မယ်။ မှောင်နဲ့
ာမဟုတ်ပါဘူး” လို့
ိုး တာဝန်ပျက်ကွက်
ချည်းပဲ ဖြစ်နေတော့

င်း

်။ တို့ရွာရဲ့ အရှေ့
ရွာရဲ့ အနောက်ဘက်
တို့ရွာက လူတွေဟာ
သိရပြီ။ စေတနာမဲ့လို့
တဲ့တာဝန်ကို ပါဝင်
ပါးနိမ့်ကျနေခဲ့ကြလို့
်လိုရေသာမခိုကြနဲ့”
တစ်ယောက်ချင်းစီက
ဲ့အခါ မကြာခင်မှာ
ားညီညာမှုစွမ်းအားနဲ့
ဲ့ပြင်လေးတစ်ပုဒ်ပါ။

ယ်ပိုးချင်တဲ့ စိတ်
အစည်းက တိုးတက်
ဲ့ စေတနာစွမ်းအား
။ မဲရုံကိုသွားတယ်၊
တ်ပါဘူး။ လွယ်လွယ်
များစွာ ဒီမိုကရေစီ
ဝန်ကျေကျေ မဲပေး
သူလူထုရဲ့ နိုင်ငံရေး
ု ပြကိန်းတစ်ခုပါပဲ။

ရေးအသိ ဒီလောက်
 အားလုံးသို့ ဂုဏ်ယူ

းကြမယ်။

သာကြမယ်။
 မှိုင်သွားမယ်။

တစ်ဦးချင်းစီမှာ အများအကျိုးသယ်ပိုးချင်တဲ့ စိတ်ကောင်းစေတနာရှိကြပါမှ အဲဒီလူ့အဖွဲ့အစည်းက တိုးတက်အောင်မြင်နိုင်တာ။ တစ်ဦးချင်းစုပေါင်းတဲ့ စေတနာစွမ်းအားဟာ အဆပေါင်းများစွာ ကြီးမားပါတယ်။ မဲရုံကိုသွားတယ်၊ မဲပေးတယ်ဆိုတာ ဘာမှပင်ပန်းတဲ့အလုပ်မဟုတ်ပါဘူး။ လွယ်လွယ်လေးပါပဲ။ ဒါပေမယ့် ပြည်သူသန်းပေါင်းများစွာ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဖြစ်မနေ တာဝန်ကျေကျေ မဲပေးကြတယ်ဆိုတဲ့ ဦးရေကိန်းဂဏန်းဟာ ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးအသိအမြင် မြင့်မားမှု ပြကိန်းတစ်ခုပါပဲ။

ဒါကြောင့် ဆန္ဒမဲပေးပါ။ မဖြစ်မနေ မဲပေးပါ။ သမိုင်းရေးခွင့်ရတဲ့ လေးနက်တဲ့ ကိုယ်စီတာဝန်တစ်ခုပါ။

အပြစ်အမှား-သတိထား

မဲပေးတာကို တားမြစ်နှောင့်ယှက်ခဲ့ရင် ဥပဒေအရ ထောင်ဒဏ် တစ်နှစ်ဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အပြစ်ဒဏ်ကျခံရနိုင်ပါတယ်။ အဝေးလေလိုင်းသံမှ လေပုပ်ထုတ်လွှင့်ရေးက ပြောဆိုနေတာတွေကိုတော့ သင့်မသင့် ချင့်ချိန်ပြီး ဆင်ခြင်ပေ့ါ။ အလွယ်တကူ နားမယောင်လေနဲ့။

မဲပေးမယ်

ဦးစွာပထမ မဲစာရင်းကို ကြိုတင်သွားကြည့်ပါ။ လူမြင်သာတဲ့ နေရာမှာ ကပ်ထားပါလိမ့်မယ်။ ကိုယ့်ရဲ့ မဲစာရင်းအမှတ်စဥ်ကို မှတ်ထားရင် ပိုအဆင်ပြေလိမ့်မယ်။ မဲဆန္ဒရှင် ၅၀၀-၁၀၀၀ ရှိတဲ့ စာရင်းစာအုပ်ထဲမှာ ကျွန်တော်/ကျွန်မ အမှတ်စဥ် ဘယ်လောက်က မဲဆန္ဒရှင် ဘယ်သူဘယ်ဝါပါလို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတွေကို မဲပေးတဲ့နေ့ မဲရုံမှာ ပြောနိုင်လျှင် ရှာရတာ လွယ်ကူမြန်ဆန်စေလိမ့်မယ်။ မြန်အောင် မှန်အောင် ကူညီသင့်ပါတယ်။

ဆန္ဒမဲပေးရမယ့် မဲဆန္ဒရှင်စာရင်း ကပ်ထားတာကို ကြိုပြီးသွားကြည့်တဲ့အခါ ကိုယ့်အမည်မပါသေးရင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးကိုသွားပြီး သတင်းပို့ပါ။ အကျိုးအကြောင်းပြောပြပါ။ ဆန္ဒမဲပေးခွင့်ရှိသူမှန်လျှင် မဲစာရင်း ထည့်ပေးပါလိမ့်မယ်။ စိတ်ချ။ (နှစ်ခါတော့ မဲမပေးရဘူး၊ နှစ်နေရာတော့ မပေးရဘူး၊ တစ်ဦးဟာ တစ်ကြိမ်ပဲ ပေးခွင့်ရှိပါတယ်။)

ဆန္ဒမဲ

၇-၁၁-၂၀၁၀ တနင်္ဂနွေနေ့၊ ၁၃၇၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက် ရောက်လာပြီဆိုပါစို့။

(၁) မဲရုံကိုသွား၊ မဲလက်မှတ်ထုတ်ယူ၊ ဆန္ဒမဲပေးရုံပါပဲ။ ပထမမဲလက်မှတ်မှာ ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်းရွေးပြီး တစ်ယောက်ယောက်အမည်ကို အမှန်ခြစ်ခြစ်ပေးရမယ်။ ဒါပဲ၊ ပြီးပြီ။ (ကြက်ခြေခတ်စသည့် ဘာမှ မလုပ်နဲ့၊ အခြားခြစ်တာရေးတာ ပါသွားရင် ပယ်မဲဖြစ်သွားမယ်။)

ကိုယ်စားလှယ်လောင်းအမည်နဲ့ ပါတီတံဆိပ်တွေ မဲကတ်ပြားမှာ ဖော်ပြထားလိမ့်မယ်။

ကိုယ်ကြိုက်တဲ့သူကို လျှို့ဝှက်မဲပေးရုံထဲမှာ လွတ်လွတ်လပ်လပ် ရွေးချယ်ဆုံးဖြတ်ပြီး (✔) အမှန်ခြစ်တစ်ခု ခြစ်ပေးရုံလေးပါပဲ။ ဒါဆိုပြီးပြီ၊ မဲပုံး အစိမ်းထဲ ထည့်ခဲ့။

(၂) နောက်မဲလက်မှတ်တစ်ခု ထပ်ထုတ်ရဦးမယ်။ မိမိတို့မြို့နယ်ကနေ အမျိုးသားလွှတ်တော်ကို တက်ရမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ဆန္ဒပြုပေးရမှာ ဖြစ်တယ်။ ယှဥ်ပြိုင်သူ ၃ဦး၊ ၄ဦး (သို့မဟုတ်) ၅ဦး တို့ရဲ့ အမည်တွေ မဲကတ်ပြားမှာ ပါပြီးသား။

တစ်ခုပဲ၊ မိမိဆန္ဒမဲပေးလိုတဲ့သူရဲ့ ကွက်လပ်မှာ (✔) ခြစ်ပါ။ လျှို့ဝှက်ဆန္ဒမဲပေးခန်းလေးထဲမှာ လွတ်လွတ်လပ်လပ် ပေးရုံပဲ။ လွယ်ပါတယ်၊ ပြီးရင် အပြာရောင် မဲပုံးထဲထည့်ခဲ့ပါ။

(၃) တတိယမဲလက်မှတ်တစ်ခု ထပ်ထုတ်လိုက်ဦး၊ ဒါကတော့ မိမိတို့ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး လွှတ်တော်အစိုးရအဖွဲ့အတွက် ရွေးကောက်တင်မြှောက်ဖို့ပဲ။ ကိုယ်စားလှယ်လောင်း ၂ဦး၊ ၃ဦးရဲ့ အမည်ပါလိမ့်မယ်။ မိမိဆန္ဒမဲပေးချင်သူအမည်နဲ့ တစ်တန်းတည်းကွက်လပ်မှာ (✔) ခြစ်ပါ။ ခရမ်းရောင်မဲပုံးထဲ ထည့်ရမယ်။

တိုင်းရင်းသားကိုယ်စားလှယ်

(၄) ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးမှာ ကရင်တိုင်းရင်းသားကိုယ်စားလှယ် တစ်နေရာအတွက် ကရင်လူမျိုးဖြစ်ရင် မိမိက ဆန္ဒမဲ ပေးပိုင်ခွင့်ရှိနေပြန်ပါသေးတယ်။ ဆန္ဒမဲကတ်ပြား ထုတ်ယူပါ၊ ကိုယ်စားလှယ်လောင်းတွေအနက်မှ တစ်ဦးဦးကို အမှန်ခြစ် (✔) ခြစ်ပြီး စတုတ္ထမဲပုံးထဲ ထည့်လိုက်ပါ။

(၅) ရန်ကုန်တိုင်းဒေသကြီးမှာ ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်အတွက် ရခိုင်လူမျိုးဖြစ်နေလျှင် ဆန္ဒမဲပေးပိုင်ခွင့် ရှိပေသေးဗျာ။ ဆန္ဒမဲကတ်ပြားထုတ်ယူပြီး မိမိနှစ်သက်သူကို (✔)ခြစ်လိုက်ပါ။ ပဥ္စမမဲပုံးထဲထည့်ခဲ့ရပါမယ်။

ကရင်လူမျိုးဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မဲပုံး ၄ပုံး ထည့်ရမယ်။ ရခိုင်လူမျိုးဟာလည်း မဲ ၄ပုံး ထည့်ရမယ်။ ကရင်လည်းမဟုတ်၊ ရခိုင်လည်းမဟုတ်တဲ့ အခြားတိုင်းရင်းသားလူမျိုးများကတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်အတွက် ကိုယ်စားလှယ် ၃နေရာအတွက်ပဲ မဲပုံး ၃ပုံး (အစိမ်း၊ အပြာ၊ ခရမ်းရောင်) ထည့်ပြီးရင် ပြီးပါပြီ။ ရှင်းရှင်းလွယ်လွယ်လေးပါ။

ဦးရေမတူပါ

ပြည်သူ့လွှတ်တော် (အစိမ်းရောင်မဲပုံး)ကို ထည့်ဖို့ရာ ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ မြို့နယ်တစ်မြို့နယ်နဲ့ တစ်မြို့နယ် ကိုယ်စားလှယ်လောင်းဦးရေ မတူကြပါ။ နယ်မြေကိုသူတို့ဆန္ဒအရ ရွေးချယ်ထားခဲ့ကြတာပဲလေ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြိုင်ဘက်မရှိ ကိုယ်စားလှယ်လောင်းအမည် တစ်ဦးတစ်ယောက်တည်းသာ တင်သွင်းတဲ့ နေရာရယ်လို့ မဲဆန္ဒနယ်မရှိခဲ့ပါ။ အားလုံးဟာ ပြိုင်ရမှာချည်းပဲ။

တစ်မြို့နယ်လျှင် ကိုယ်စားလှယ်တစ်ယောက်နှုန်းရတဲ့ ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒပေးရွေးချယ်ရမယ့် ကိုယ်စားလှယ်လောင်းဦးရေက (နမူနာဖော်ပြရရင်) အောက်ပါအတိုင်း ရှိကြပါတယ်။

နမူနာ

(၁) ကိုကိုးကျွန်းမြို့နယ်၌ ယှဥ်ပြိုင်သူကိုယ်စားလှယ်			၂ ဦး
(၂) ရန်ကင်း	။	။	၃ ဦး
(၃) ဒေါပုံ	။	။	၄ ဦး
(၄) တောင်ဥက္ကလာပ	။	။	၅ ဦး
(၅) ကမာရွတ်	။	။	၆ ဦး
(၆) ကျောက်တံတား	။	။	၇ ဦး
(၇) လှိုင်သာယာ	။	။	၈ ဦး

ယှဥ်ပြိုင်အရွေးခံသူ ၉ဦးရှိတဲ့ မြို့နယ်တော့ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တွေထဲမှာ မရှိပါ။

ဘယ်လိုသုံးသပ်ရွေးချယ်မဲပေးမလဲ

မဲပေးဖို့ သုံးသပ်ရွေးချယ်ရာမှာ တကယ်တော့ လူပုဂ္ဂိုလ်ကိုလည်း ကြည့်ဖို့လိုပါတယ်။ ပါတီကိုလည်း ကြည့်ဖို့လိုပါတယ်။ လူပုဂ္ဂိုလ်ကလည်းတော်ဖို့ ကောင်းဖို့လိုပါတယ်။ ပါတီကလည်း မူဝါဒမှန်ကန်ကောင်းမွန်ခိုင်မာပြီး တိုင်းပြည်နဲ့ လူမျိုးအကျိုး တကယ်ထမ်းဆောင်နိုင်မယ့် ပါတီဖြစ်ဖို့ ယုံကြည်စိတ်ချရနိုင်တဲ့ ပါတီဖြစ်ဖို့ လိုပါတယ်။ အသင့်တော်ဆုံး အကောင်းဆုံးကို လွတ်လွတ်လပ်လပ် သုံးသပ်ရွေးချယ်မဲပေးဖို့ပါပဲ။

ခေတ်သစ်ဆီသို့

ပြည်ထောင်စု ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာ ၂၀၁၀ နိုဝင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) ရက်ရာဇာအချိန်အခါ၊ မင်္ဂလာနေ့ထူးမှာ နံနက် ၆ နာရီတိတိမှ ညနေ ၄ နာရီအတွင်း ပြည်သူများ လွတ်လပ်စွာ၊ မျှတစွာ၊ (Free and Fair) ဆန္ဒမဲပေးပိုင်ခွင့် ရရှိလာကြပါတော့မယ်။ (မဲရုံပရဝုဏ်အတွင်း ၄ နာရီမပိတ်ခင်ရောက်နေနှင့်ပြီးသူများ အချိန်ကျော်လွန်ပေမယ့် ပေးခွင့်ပြုထားပါတယ်။) မဲရုံစောစောသိမ်းနိုင်ဖို့ ရပ်ကွက်အလိုက် မဲစာရင်းစောစောရေတွက် အဖြေထွက်လာအောင် နံနက်စောစောလာပြီး မဲပေးကြမယ်လို့ မျှော်လင့်ပါတယ်။ (မဲစာရင်းပါသူအားလုံး မဲပေးပြီးပါက ညနေ ၄ နာရီအချိန်အထိ စောင့်စရာမလိုဘဲ မဲရုံသိမ်းလို့ရပါတယ်။)

ပြည်သူပြည်သား တစ်ဦးချင်းစီရဲ့ ထက်သန်တက်ကြွတဲ့ လှုပ်ရှားမှုနဲ့ ခေတ်သစ်တစ်ခုသို့ ကူးပြောင်းပါတော့မယ်။ ။

ဦးစွာပထမ မဲစာရင်းကို ကြိုတင်သွားကြည့်ပါ။ လူမြင်သာတဲ့ နေရာမှာ ကပ်ထားပါလိမ့်မယ်။ ကိုယ့်ရဲ့ မဲစာရင်းအမှတ်စဥ်ကို မှတ်ထားရင် ပိုအဆင်ပြေလိမ့်မယ်။ မဲဆန္ဒရှင် ၅၀၀-၁၀၀၀ ရှိတဲ့ စာရင်းစာအုပ်ထဲမှာ ကျွန်တော်/ကျွန်မ အမှတ်စဥ် ဘယ်လောက်က မဲဆန္ဒရှင် ဘယ်သူဘယ်ဝါပါလို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတွေကို မဲပေးတဲ့နေ့ မဲရုံမှာ ပြောနိုင်လျှင် ရှာရတာ လွယ်ကူမြန်ဆန်စေလိမ့်မယ်။ မြန်အောင် မှန်အောင် ကူညီသင့်ပါတယ်။

ဆန္ဒမဲပေးရမယ့် မဲဆန္ဒရှင်စာရင်း ကပ်ထားတာကို ကြိုပြီးသွားကြည့်တဲ့အခါ ကိုယ့်အမည်မပါသေးရင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးကိုသွားပြီး သတင်းပို့ပါ။ အကျိုးအကြောင်းပြောပြပါ။ ဆန္ဒမဲပေးခွင့်ရှိသူမှန်လျှင် မဲစာရင်း ထည့်ပေးပါလိမ့်မယ်။ စိတ်ချ။ (နှစ်ခါတော့ မဲမပေးရဘူး၊ နှစ်နေရာတော့ မပေးရဘူး၊ တစ်ဦးဟာ တစ်ကြိမ်ပဲ ပေးခွင့်ရှိပါတယ်။)

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တတိယရရှိ

နေပြည်တော် စက်တင်ဘာ ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ တတိယနေရာလုပွဲ ပွဲစဉ်ကို ဆက်လက်ကျင်းပသည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	**သုံးဂိုး**
(တေဇာကိုကို-နှစ်ဂိုး၊ စိုးဝင်းသန်း)	
အလုပ်သမားဝန်ကြီးဌာန	**နှစ်ဂိုး**
(ပြည့်ဖြိုးအောင်နှင့် စိုးလင်းသူ)	

ဒိုင်လူကြီး - ဦးသိန်းစော (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

စက်တင်ဘာ ၁၀ ရက်(ယနေ့)တွင် နေပြည်တော် ဘောလုံးအားကစားကွင်း၌ အားကစား ဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းတို့ နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်

World First Aid Day

11th September, 2010

"First Aid for All"

"အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

☆ ကျောဖုံးမှ

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် မြန်မာဘောလုံးလောကအတွက် ကျောထောက်နောက်ခံ ပြိုင်ပွဲကြီးတစ်ခုဟုပင် ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤပြိုင်ပွဲမှ မီးခဲပြာဖုံး အားကစားသမားများ၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အပျော်တမ်းစနစ်မှ PRO စနစ်သို့ ကူးပြောင်းပြီး ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ယင်းပြိုင်ပွဲဝင်အသင်းများတွင် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲမှ မွေးထုတ်ပေးလိုက်သော မျိုးဆက်သစ်ကစားသမားများ ပါဝင်ကစားလျက်ရှိသည်ကို တွေ့ရသည်။ မှတ်မိသလောက် ဖော်ပြရလျှင် ဇေယျာရွှေမြေ F.C တွင် ကျော်ကိုကို၊ ဇော်လင်းထက်၊ နိုင်စိုးဝေ၊ သိန်းလင်းအောင်၊ မင်းချစ်သူ၊ မြတ်နိုင်အောင်၊ အောင်ဇော်လင်းတို့ ပါဝင်ကစားပြီး အရန်အသင်းတွင် ကျော်ကိုကို (ဂိုး)၊ ဘိုဇေကို၊ နေယုလွင်၊ ပြည့်ဖြိုးကိုကို၊ မြင့်ဖြိုးဝေ၊ ရဲဖြိုးအောင်၊ မကွေး F.C တွင် သိန်းသန်းဝင်း၊ ဒဲလ်တာယူနိုက်တက်တွင် မင်းမင်းသူ၊ ဇွဲကပင်ယူနိုက်တက် F.C တွင် ချစ်ကိုကိုထွေး၊ မျိုးမင်းထွန်း၊ ငြိမ်းချမ်းအောင်တို့ဖြစ်သည်။

နေပြည်တော်ရှိ ဝန်ကြီးဌာန ၃၅ ခု ကို အုပ်စု(၈)အုပ်စုခွဲ၍ ပြိုင်ပွဲ ကျင်းပခဲ့ရာ ယခု စတုတ္ထအကြိမ် ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ အားကစားဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ၎င်းတို့ နှစ်သင်း၏ ပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့မှုအား ပြန်ကြည့်လျှင် အားကစားဝန်ကြီးဌာနအသင်းအနေ ဖြင့် ပထမအဆင့် အုပ်စုပြိုင်ပွဲ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုး၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းကိုလေးဂိုး-တစ်ဂိုး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိ၊ သမဝါယမဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကိုသုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ တတိယအဆင့်(ကွာတားဖိုင်နယ်)တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲတွင် အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းအနေဖြင့်လည်း ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုး၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိ တို့ဖြင့် လည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် သတ္တုတွင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုး၊ အလုပ်သမားဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ တတိယအဆင့် (ကွာတားဖိုင်နယ်) ပွဲစဉ်၌ နယ်စပ်/စည်ပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲ ဆီမီးဖိုင်နယ်တွင် ဘဏ္ဍာ/အခွန်အသင်းကို သုံးဂိုး-တစ်ဂိုး (ပယ်နယ်တီ အဆုံးအဖြတ်)နှင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှစ်သင်းအနေဖြင့် ယမန်နှစ် ၂၀၀၉ ခုနှစ် တတိယအကြိမ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့ဖူးပြီး အားကစားဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

မည်သို့ပင်ဆိုစေ ရည်ရွယ်ချက်မြင့်မားစွာဖြင့် ကျင်းပခဲ့သော ဤစတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် လက်ရှိ နှစ်ကြိမ်ဒိုင်းဆုရရှိထားပြီး ရန်ကုန်အားကစားသိပ္ပံနှင့် မန္တလေးအားကစားသိပ္ပံတို့မှ မွေးထုတ်ပေးထားသော လူငယ်မျိုးဆက်သစ် အားကစားသမားများဖြင့် ဖွဲ့စည်းထားသော အားကစားဝန်ကြီးဌာနအသင်းက နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဒိုင်းကြီးကို အပြီးအပိုင်သိမ်းပိုက်မလား။

သမ္မာ၊ ပညာ၊ ခွန်အားတို့ဖြင့် တွန်းတွန်းတိုက်တိုက် ကစားတတ်သော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းကပဲ ယမန်နှစ်က ရှုံးကြွေးကိုပြန်ဆပ်ပြီး နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဒိုင်းဆုကြီးကို ရယူသွားမလားဆိုတာ အခြေအနေမှန်ကို အဖြေရှာဖို့ နေပြည်တော်ဘောလုံးကွင်းကြီးဆီသို့ သွားကြည့်ကြပါစို့လား။ ။

နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းအား တွေ့ရစဉ်။

အမျိုးသားဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ဆက်လက်ကျင်းပရာ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပထမပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တပ်မတော်(လေ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၄ နာရီတွင် တပ်မတော်(ရေ)အသင်းက SMART YOUTH အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၁၀ ရက် ပထမပွဲစဉ်အဖြစ် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယပွဲစဉ်အဖြစ် တပ်မတော်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီတွင် တပ်မတော်(လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။ (၁၉)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (၁၉)

စိန်ပေါလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

စိန်ပေါလ်ကျောင်းသားဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အထက(၆) ဗိုလ်တထောင်၌ ကျင်းပပြီး ညစာစားပွဲကို ယင်းနေ့ညနေ ၆ နာရီခွဲတွင် တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဦးစိုးညွန့်(တော်ဝင်နှင်းဆီ) ဖုန်း-၀၉-၅၀၁၃၆၂၃၊ ဦးသန်းအောင် ဖုန်း-၅၅၆၆၇၇၊ ဦးကျော်လင်း ဖုန်း-၀၉-၅၀၁၅၈၆၀၊ ၇၃၀၆၈၆၈၅၊ ဦးမောင်မောင်မြင့်ကျော် ဖုန်း-၀၉-၈၀၃၀၅၅၉၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးအာသာလိန်း ဖုန်း-၀၉-၅၀၇၆၂၇၈၊ ဦးဝင်းသန်းဦး ဖုန်း-၀၉-၅၁၅၂၇၄၀၊ ဦးကျော်ဦးမြင့် ဖုန်း-၀၉-၈၀၂၀၅၆၅၊ ဦးမင်းထွဋ် ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးမောင်မောင် ဖုန်း-၀၉-၅၀၀၉၉၁၅ နှင့် ဦးစံရွှေ ဖုန်း-၀၉-၅၀၈၀၃၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော အနောက်တိုင်းဆေးဝါးရောနှောထားသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁။	စိတ်ကြိုက်ဆင်တုံးမနွယ်အစာကြေလေနိုင်အားတိုးဆေး	၂၀၈၊(၂၈)လမ်း၊ ပဲခူးမြို့။	မှတ်ပုံတင်မရှိ
၂။	သမီးတော် ကတိုးသွေးဆေး	လိပ်စာမပါ။	မှတ်ပုံတင်မရှိ
၃။	စံမတူ အစာကြေလေနိုင်ဆေးပြား	လိပ်စာမပါ။	မှတ်ပုံတင်မရှိ
၄။	ဆရာအို အစာကြေလျက်ဆား	ဇလွန်မြို့။	မှတ်ပုံတင်မရှိ
၅။	မေတ္တာမွန် ပွေးဆေး	၈၅၄၊အင်္ဂပိုလမ်း၊ သုံးပင်ကွင်း၊ ဟင်္သာတမြို့။	မှတ်ပုံတင်မရှိ
၆။	နိုင်ငံကျော်ရွှေဂဲတံဆိပ်ကလေးအပူကျဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၇။	အဲဗားဝဲလ်(သ်)စိန်သော့တံဆိပ်အကိုက်အခဲပျောက်ဆေးမှုန့်	၃၇(က)၊လမ်း(၂၀)၊လသာမြို့နယ်၊ရန်ကုန်မြို့။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၈။	ပိ(စ်) ပွေးဆေးရည်မွှေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၉။	စိန်ကြည်လက်တွေ့အပူကျဖျားနာအကိုက်အခဲပျောက်ဆေး	အမှတ်(၄၇/တ)၊ (၂၂)လမ်း၊ ရန်ကုန်မြို့။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၀။	ရွှေသော့အဲဗားဟက်သ် ဇေယျသုခအကိုက်အခဲပျောက်ဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေး ရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ခြံရောင်းမည်

ပြည်မြို့အထွက် ဂေါက်ကွင်းအနီး ပြည်အောင်လံကားလမ်းဘေး ခြံအတွင်း ဂဝံလမ်း ပေ(1500x12) အကျယ်၊ မြကျောက်၊ စိန်တစ်လုံး၊ ယိုးဒယားပိန္နဲ-ဇီးပင်-အုန်းပင်၊ ဥသျှစ်ပင်နှင့် သီးပင်၊ ပန်းပင်အစုံ

ရေလှောင်ကန်တွင်း(၂)တွင်း ရေလှောင်အုတ်ရေကန် ဂါလန် ၅၀၀၀ ဆံ့ (၁)ခု ၆'အကျယ် × ၁၈'အနက် ရေတွင်း(၃)တွင်း မြေ(၁၂ဧက) (၄၅'×၂၅') တစ်ထပ်တိုက်တစ်လုံးဟိုတယ်ဖွင့်ရန်နှင့် ခါတ်ဆီဆိုင်ကြီးဖွင့်ရန် အလွန်ကောင်း။

ဖုန်း-၀၉-၅၀၅၄၇၈၂၊ ၀၉-၅၃၁၂၁၆၇၊ ၀၉-၅၃၁၁၇၂၅

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နေ တပ်ကြပ်ကြီးအောင်ခိုင်(ငြိမ်း)-ဒေါ်နွယ်ရီသန်း[အလက(သဘော်ဦး)] တို့၏သားကြီး၊ မစုသက်နွယ်၏အစ်ကို

ဗိုလ်ကြီးထွန်းလင်းအောင်

B.Sc (Maths;) (D.S.A), M.Sc(Engineering Maths;) BMSTU

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးထင်ကျော်လင်း[ဦးစီးအရာရှိ(ငြိမ်း)၊ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန]-ဒေါ်ဝင်း [မြို့နယ်သူနာပြု အဆင့်-၁(ငြိမ်း)]တို့၏သမီးငယ်၊ တောင်တွင်းကြီးမြို့နေ ဦးမောင်ချို-ဒေါ်အေးအေး(ပဲမျိုးစုံနှင့်ဆီထွက်သီးနှံရောင်းဝယ်ရေး) တို့၏တူမ၊ ဒေါက်တာမိုးမိုးမင်း(မအူပင်တက္ကသိုလ်)၊ ကိုကျော်စွာမင်း B.Sc(Geo;) Dong Jin Shipping Co.,Ltd-မခိုင်သဇင်မိုး (B.M) တို့၏ ညီမ

မဝင်းပပလင်း

B.Tech(EP)YTU:B.Sc (Phy;):Dip.Electronic (YU):
Dip.Tourism & Hospitality Management(Nanyang)Singapore

တို့သည် ၉-၉-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးထွန်းလင်းအောင်-မဝင်းပပလင်း



ပဲခူးမြို့၌ လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှတစ်ဆင့် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား ပြစ်မှုကျူးလွန်ခဲ့သည့်လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ နိုင်ငံရေးအမြတ်ထုတ်လိုသည့် နိုင်ငံရေးသမားအချို့ မလိုလားသူအချို့နှင့် ပြည်ပမီဒီယာအချို့က ဤဖြစ်စဉ်ကို ခုတုံးလုပ်ပြီး နိုင်ငံအတွင်း ရုန်းရင်းဆန်ခတ်မှုများ၊ ဆူပူမှုများဖြစ်ပွားပေါ်ပေါက်လာအောင် နည်းမျိုးစုံနှင့် သွေးထိုးလှုံ့ဆော်ဆောင်ရွက်လျက်ရှိ ထိုသို့ သွေးထိုးလှုံ့ဆော်ကြိုးပမ်းနေကြသူများအား နိုင်ငံတော်အပိုင်းက ပြည်သူအများ၏ ဆန္ဒနှင့်အညီ ပြည်သူများနှင့် ပူးပေါင်းလျက် ထိရောက်စွာ ဝိုင်းဝန်းဟန့်တားအရေးယူဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၉

စက်တင်ဘာ ၄ရက် ညပိုင်းက ပဲခူးမြို့ ဇိုင်းဂနိုင်း(တောင်) ရပ်ကွက် မြလမ်းတွင် အရက်မူးနေသည့် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှတစ်ဆင့် သေနတ်ဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး လူငယ်နှစ်ဦး ဒဏ်ရာရ သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပဲခူးဘူတာ လုံခြုံရေး တာဝန်ယူထားသည့် တပ်ဖွဲ့မှ အရာရှိတစ်ဦးနှင့် အခြားတပ်မှ အရာရှိတစ်ဦးတို့သည် ဘီယာ သောက်ပြီး ဆိုင်ကယ် ကယ်ရီဖြင့် ဘူတာသို့ပြန်လာစဉ် စက်တင်ဘာ ၄ ရက် ည ၁၀နာရီဝန်းကျင်တွင် ပဲခူးမြို့မှ လူငယ်ခုနစ်ဦး စီးနင်းလိုက်ပါလာသည့် သုံးဘီးဆိုင်ကယ်နှင့် ပွတ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ပွတ်တိုက်မှုကြောင့်ဆိုင်ကယ် လဲသွားစဉ် လူငယ်ခုနစ်ဦးက သုံးဘီးဆိုင်ကယ်ပေါ်မှ ဆင်းပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သည့် အတွက် ဘူတာလုံခြုံရေးတာဝန်ယူထားသည့် အရာရှိမှာ ဒဏ်ရာများရရှိပြီး နေရာတွင်လဲကျခဲ့ကြောင်း၊ အရာရှိ နှစ်ဦးလုံးက ဆက်မရိုက်ပါရန် တောင်းပန်သော်လည်း ၎င်းလူငယ် ခုနစ်ဦးမှာအရက်သေစာသောက်စား ထားပြီး မူးယစ်နေသူများ ဖြစ်သည့် အတွက် တောင်းပန်၍ မရခဲ့ ကြောင်း၊ သို့ပါ၍ အဖော်ပါလာသူ အရာရှိသည် ထွက်ပြေးပြီး ပဲခူး ဘူတာရှိ လုံခြုံရေးစစ်သည်များ အား သွားရောက်အကြောင်းကြား ခဲ့ကြောင်း၊ ၎င်းနောက် အဆိုပါ အရာရှိနှင့်အတူ လုံခြုံရေးစစ်သည် လေးဦး ပြန်လည်ရောက်ရှိလာရာ မြလမ်းထိပ်တွင် အခင်းဖြစ်ရာ၌ ပါဝင်ခဲ့သည့် လူငယ်ခုနစ်ဦးနှင့် ပြန်လည်ဆုံတွေ့ကာ ထပ်မံခိုက်ရန် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးစစ်သည် တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ သည့်အတွက် မောင်စိုးပိုင်ဇော် (၁၇နှစ်)နှင့် မောင်အောင်သူဟိန်း (၂၁နှစ်)တို့ သေနတ်ထိမှန် ဒဏ်ရာ ရရှိသေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်မှာ အရပ်သား လူငယ်များနှင့် တပ်မတော်သား လူငယ်များ အရက်သေစာ သောက်စားမူးယစ်ပြီး လူငယ် အချင်းချင်း မတော်တဆ ခိုက်ရန် ဖြစ်ပွားရာမှ မလိုလားအပ်သည့် သေဆုံးမှုအထိ ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း၊ သေဆုံးခဲ့သည့် လူငယ်နှစ်ဦးအား စက်တင်ဘာ ၇ရက် မွန်းလွဲပိုင်းတွင် ဆင်ဖြူကွင်း သုသာန်၌ ကောင်းမွန်စွာ သဂြိုဟ် ခဲ့ပြီးဖြစ်ကြောင်း၊ သေဆုံးသူ နှစ်ဦး ၏ မိဘဆွေမျိုးများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ တောင်းပန် ခဲ့ကြပြီး ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်သည် စည်းကမ်း ဥပဒေများနှင့်အညီ စနစ်တကျ ဖွဲ့စည်း တည်ဆောက်ထားသည့် အဖွဲ့အစည်းဖြစ်ရာ ယခုကဲ့သို့ ဥပဒေကို ချိုးဖောက်ကျူးလွန်မှု များအား ထိရောက်စွာအရေးယူခဲ့ သည့် အစဉ်အလာရှိခဲ့ပြီး ယခု ဖြစ်စဉ်ပါ ပြစ်မှုကျူးလွန်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များကိုလည်းတရားဥပဒေ နှင့်အညီ ထိရောက်စွာ အရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သို့သော် နိုင်ငံရေးအမြတ်ထုတ် လိုသည့် နိုင်ငံရေးသမားအချို့၊ မလိုလားသူအချို့နှင့် ပြည်ပမီဒီယာ အချို့က လူငယ်ချင်း မတော်တဆ ခိုက်ရန်ဖြစ်ပွားသည့် ဤဖြစ်စဉ်ကို ခုတုံးလုပ်ပြီး နိုင်ငံအတွင်း ရုန်းရင်း ဆန်ခတ်မှုများ၊ ဆူပူမှုများ ဖြစ်ပွား ပေါ်ပေါက်လာအောင် နည်းမျိုးစုံ နှင့် သွေးထိုးလှုံ့ဆော်ဆောင်ရွက် လျက်ရှိသည်။ သွေးထိုးလှုံ့ဆော်ရာ ၌လည်း တပ်မတော်ဟူသည့် ဝေါဟာရကို တွင်တွင်သုံးပြီး ပြည်သူများက တပ်မတော်အပေါ် အထင်အမြင် လွဲမှားလာအောင် တပ်မတော်က လုပ်သယောင် ယောင် ဝါဒဖြန့် လှုံ့ဆော်လျက်ရှိ သည်။

အမှန်မှာ တပ်မတော်နှင့် ပြည်သူ အကြား ဖြစ်ပွားခြင်းမျိုးမဟုတ်ဘဲ တပ်မတော်၌ တာဝန်ထမ်းဆောင် လျက်ရှိသည့်တပ်မတော်သားလူငယ် အချို့နှင့် အရပ်သားလူငယ်အချို့ အရက်သေစာ သောက်စားမူးယစ် ပြီး အဆင်မသင့်၍ ခိုက်ရန်ဖြစ်ပွား ခဲ့ကြခြင်းသာဖြစ်သည်။ ဖြစ်လေ့ ဖြစ်ထရှိသော ဖြစ်စဉ်မျိုးသာဖြစ်ပြီး ဤသည်ကို မရိုးမသား ခုတုံးလုပ် အသုံးချလျက် ဆူပူအုံကြွမှုများ ဖြစ်လာအောင် သွေးထိုးလှုံ့ဆော် ဆောင်ရွက်နေခြင်းမှာ မည်သို့မျှ မလုပ်သင့်မလုပ်ထိုက်သော နိုင်ငံ ကြီးသားမပီသသည့် အဖျက် အမှောင့် လုပ်ရပ်မျိုးပင်ဖြစ်သည်။

ယနေ့ ပြည်သူအများက နိုင်ငံ တည်ငြိမ်အေးချမ်းမှု ပျက်ပြား မည်ကို မလိုလားကြဘဲ ဤဖြစ်စဉ် အပေါ် ခုတုံးလုပ်ပြီးနိုင်ငံရေးအမြတ် ထုတ်လျက် ဆူပူအုံကြွမှုများ ဖြစ်အောင် သွေးထိုးလှုံ့ဆော် နေကြသူများအား ဝိုင်းဝန်း ဟန့်တား ချေဖျက်သွားကြရန် ဆန္ဒရှိကြကြောင်း၊ အလားတူ ထိုသို့ သွေးထိုးလှုံ့ဆော် နေကြသူများ အား နိုင်ငံတော်အပိုင်းကပါ ထိ ရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်ပေးရန်လိုလားမျှော်လင့် လျက်ရှိကြကြောင်း သိရှိရသည်။

ထို့ကြောင့် ဤဖြစ်စဉ်ကို အခြေခံလျက် နိုင်ငံတည်ငြိမ် အေးချမ်းမှုပျက်ပြားပြီး ဆူပူအုံကြွမှု များ ဖြစ်ပွားပေါ်ပေါက်လာအောင် သွေးထိုးလှုံ့ဆော် ကြိုးပမ်းနေကြ သူများအား နိုင်ငံတော်အပိုင်းက လည်း ပြည်သူအများ၏ ဆန္ဒနှင့် အညီ ပြည်သူများနှင့် ပူးပေါင်း လျက် ထိရောက်စွာ ဝိုင်းဝန်း ဟန့်တား အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ဝင်းတင်(ကြေးမုံ)

ဘာလော့တယ်လီ၏ ဒူးဒဏ်ရာ ခွဲစိတ်ကုသရမည်

လန်ဒန် စက်တင်ဘာ ၉

မန်စီးတီးအသင်း ယခုနှစ်နွေရာသီတွင်မှ အသစ်ခေါ်ယူထားသည့် ကစားသမား ဘာလော့တယ်လီ**(ယာပုံ)**သည် ဒူးဒဏ်ရာရရှိထားရာ ယခုအခါ ခွဲစိတ်ကုသရတော့မည်ဖြစ်သည်။



အနားယူဖွယ်ရှိ

မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီသည် ယင်းဒဏ်ရာ ခွဲစိတ်ကုသပြီးပါက အနည်းဆုံးခြောက်ပတ်နှင့်အထက် အနားယူရဖွယ်ရှိနေသည်။ ဘာလော့တယ်လီသည် ခွဲစိတ်ကုသရန်အတွက် မီလန်သို့ ပြန်သွားပြီဖြစ်သည်။ မန်စီးတီးအသင်းတွင် ဘာလော့တယ်လီ ဒဏ်ရာ ရရှိနေသော်လည်း တိုက်စစ်ပိုင်းတွင် တီဗက်ဇ်၊ အဒီဘာယောနှင့် ဂျီကို့ကဲ့သို့ ခြေစွမ်းထက်ကစားသမားများရှိနေသည်။

အင်တာနက်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ
အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဗိုနာရီဗာနှင့် ဝေါ့ဇ်နစ်ကီတို့ ဆီမီးတက်

ကာနီပီကို အနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လာခဲ့သည့် ဗိုနာရီဗာ။

နယူးယောက် စက်တင်ဘာ ၉

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်၊ ဂျိုကိုဗစ်၊ ရော်ဂျာဖက်ဒဲရားတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ရ

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဗိုနာရီဗာက ကာနီပီကို ၆-၃၊ ၇-၅၊ ဝေါ့ဇ်နစ်ကီက စီဘူလ်ကိုဗာကို ၆-၂၊ ၇-၅တို့ဖြင့် အသီးသီးအနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။ အသက်(၂၆)နှစ်ရှိ ဗိုနာရီဗာသည် ယူအက်စ်အိုးပင်းတွင် ပထမဦးဆုံးအကြိမ် ဆီမီးဖိုင်နယ်သို့ တက်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ယူရို ၂၀၁၂ ပြိုင်ပွဲအပြီးတွင် အင်္ဂလန်နည်းပြရာထူးမှ ကာပယ်လိုနုတ်ထွက်မည်

လန်ဒန် စက်တင်ဘာ ၉

အင်္ဂလန်နည်းပြကာပယ်လိုသည် ယူရို ၂၀၁၂ ပြိုင်ပွဲပြီးဆုံးပါက အင်္ဂလန်အသင်း နည်းပြရာထူးမှ နုတ်ထွက် တော့မည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားလိုက်သည်။

အသက်(၆၄)နှစ်ရှိ ကာပယ်လို ကိုင်တွယ်နေသည့် အင်္ဂလန် အသင်းသည်၂၀၁၀တောင်အာဖရိက ကမ္ဘာ့ ဖလားတွင် ရလဒ်ဆိုးများ ဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ယခု ယူရို ၂၀၁၂ ခြေစစ်ပွဲတွင် ရလဒ် ကောင်းများ ကောင်းမွန်လျက်ရှိရာ ပထမပွဲအိမ်ကွင်းတွင် ဘူလ်ဂေးရီးယားကို လေးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲ အဝေးကွင်းတွင် ဆွစ်ဇာလန်ကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိထား သည်။ ကာပယ်လိုက ပထမအနေ ဖြင့် ခြေစစ်ပွဲအောင်မြင်ရေး ဖြစ်ပြီး ဒုတိယအနေဖြင့် ဆုဖလားရယူနိုင် အောင် ကြိုးစားရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ The 1st Myanmar-Korea ICT Products & Solutions Exhibition 2010 ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက်၌ ကျင်းပသော The 1st Myanmar-Korea ICT Products & Solutions Exhibition 2010 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ **စာမျက်နှာ ၇ ကော်လံ ၁ သို့**❑

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးပိုလ်လုပွဲ အားကစားနှင့် ဆက်သွယ်ရေး ဘယ်သူပိုလ်စွဲမလဲ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ဇော်မင်းအောင်(၁၀၇)

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နေပြည်တော် ဘောလုံးကွင်း၌ ယနေ့(စက်တင်ဘာ ၁၀ ရက်) ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်ကျန်းမာစေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရရှိပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ အားသစ်အင်သစ်ရှင်လန်းတက်ကြွစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပလာခဲ့ရာ စတုတ္ထအကြိမ်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**☆

နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား တွေ့ရစဉ်။

ယနေ့ ဆောင်းပါးအညွှန်း

မဲပေးဖို့သုံးသပ်ရွေးချယ်ရာမှာ တကယ်တော့ လူပုဂ္ဂိုလ်ကိုလည်း ကြည့်ဖို့လိုပါတယ်။ ပါတီကိုလည်း ကြည့်ဖို့လိုပါတယ်။ လူပုဂ္ဂိုလ်ကလည်း တော်ဖို့ ကောင်းဖို့လိုပါတယ်။ ပါတီကလည်း မူဝါဒမှန်ကန်ကောင်းမွန်ခိုင်မာပြီး တိုင်းပြည်နဲ့ လူမျိုးအကျိုး တကယ်ထမ်းဆောင်နိုင်မယ့် ပါတီဖြစ်ဖို့၊ ယုံကြည်စိတ်ချရနိုင်တဲ့ ပါတီဖြစ်ဖို့ လိုပါတယ်။ အသင့်တော်ဆုံး အကောင်းဆုံးကို လွတ်လွတ်လပ်လပ် သုံးသပ်ရွေးချယ် မဲပေးဖို့ပါပဲ။

မောင်မိုးရှင်း၏ "အားလုံးစုံညီ မဲပေးကြမည်"
(ဆောင်းပါး) **စာမျက်နှာ - ၈၊ ၉**